ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့၊ (26-7-2007) (၅၃၉၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

အိန္ဒိယသမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သူထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၂၅

၂၀၀၇ခုနှစ် ဇူလိုင် ၂၅ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံ၏ သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်သော မစ္စစ် ပရာတီဘာ ပတေးလ်ထံသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဇူလိုင်　　၂၆

၂၀၀၇ခုနှစ် ဇူလိုင် ၂၆ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၂)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမာမွန်း၊ အဗ္ဗဒူလ်ဂါယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဆွေးနွေးမှာကြား

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် အစည်းအဝေး(၅/၂၀၀၇)တွင် ဆွေးနွေးမှာကြားစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ အကြံပြုဆွေးနွေးတင်ပြရာ၌ အချို့အကြံပြုချက်များသည် အမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ်နှင့် ချမှတ်ပြီးသည့် အခြေခံရမည့်မူများအတွင်းက တင်ပြခဲ့ကောင်းမွန်သင့်လျော်၍ အလေးအနက်ထား စဉ်းစားသင့်သည့် အကြံပြုချက်များဖြစ်ကြောင်း တွေ့ရှိခဲ့ရ

အဆိုပါအကြံပြုချက်များကို အသေးစိတ်အခြေခံမူများအဖြစ် ချမှတ်နိုင်ရန် ကိုယ်စားလှယ် အစုအဖွဲ့များအားလုံး၏ သဘောထားကို ရယူရမည်

ရန်ကုန်　　ဇူလိုင်　　၂၅

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အစည်းအဝေး (၅/၂၀၀၇)ကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း အနော်ရထာရိပ်သာရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၆-၇-၂၀၀၇
(ကြာသပတေးနေ့)

ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု အလေးထား အခြေခံအဆောက်အအုံများ တိုးချဲ့ဖွင့်လှစ်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်နေချိန်တွင် ကျန်းမာကြံ့ခိုင်သော ပြည်သူအားလုံး အင်ပြည့်အားပြည့် ပါဝင်ကြိုးပမ်းကြရန် လိုအပ်သည်။

နိုင်ငံတော်က ပြည်သူတိုင်း အသက်ရှည် ကျန်းမာရေးကို အလေးထားသည်နှင့်အညီ နိုင်ငံတစ်ဝန်းတွင် အထွေထွေနှင့် အထူးကုဆေးရုံကြီးများအပါအဝင် ဆေးရုံပေါင်း ၈၃၂ရုံကို တည်ဆောက်ပေးထားပြီး ဆရာဝန်၊ သူနာပြုနှင့် ကျွမ်းကျင်ဝန်ထမ်းများ တိုးချဲ့ခန့်ထားပေးနေသည်။ ခေတ်မီဆေးရုံသုံး ပစ္စည်းကိရိယာများနှင့် ဆေးဝါးများကို ဖြည့်တင်းပေးလျက်ရှိရာ ဆေးဝါးကုသမှုလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်နေပြီဖြစ်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးအထူးကုဆေးရုံကြီး သုံးထပ်အဆောင်သစ်ကို ဇူလိုင်လ ၂၂ ရက်နေ့က ဖွင့်လှစ်ခဲ့ရာ မိခင်နှင့်ကလေးများ ကျန်းမာရေးအတွက် ပိုမိုစောင့်ရှောက်မှုပေးနိုင်တော့မည် ဖြစ်သည်။

နိုင်ငံသူ နိုင်ငံသားတိုင်း သက်တမ်းစေ့ အသက်ရှည်စေရေးအတွက် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ကျန်းမာရေး ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် လူနာများအပေါ် စေတနာထား၍ ပြုစုကုသပေးကြရမည် ဖြစ်သည်။

ပြည်သူများအပိုင်းကလည်း ကျန်းမာရေးဆိုင်ရာ အသိပညာပေး နှိုးဆော်ချက်များနှင့်အညီ စနစ်တကျ နေထိုင်သွားလာခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လုပ်ဆောင်ကြခြင်းဖြင့် ရောဂါမဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်က ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို တိုးချဲ့ဖွင့်လှစ် ဖြည့်ဆည်းပေးမှုများနှင့်အတူ ရောဂါကာကွယ်ရေး၊ ဆေးဝါးကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

မဟာသိမ်တော်ကြီးဓမ္မာရုံ၌ တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ (အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ပဲခူးတိုင်းအနောက် ပြည်မြို့ဇောတိကာရုံ ပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (၂၃)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်)တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ထီးတန်းအိမ်ရာ ကြည့်မြင်တိုင်မြို့နယ် တောလမ်းနေ မအေးအေးချို၏အသက် (၃၅)နှစ်ပြည့် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်အဖြစ် ကိုဇော်ဦး-မအေးအေးချို၊ သား သက်ပိုင်ဦး မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော်(ပြည်တော်သာ) အရှင်စန္ဒနထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သတ္တုတွင်းဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၂၅

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ဇနီး ဒေါ်စန်းစန်းတို့အား အမှူးထား၍ သတ္တုတွင်းဝန်ကြီးဌာန မိသားစု (၁၆) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားသို့ ကျောင်းသစ်ကျောင်း စာသင်တိုက်မှ ပဓာနနာယက ဆရာတော် ဦးကုမာရ အမှူးပြုသည့် သံဃာတော်များ၊ ပဏ္ဍိတာရာမကျောင်းတိုက်မှ ဆရာတော်၊ သံဃာတော်များ၊ ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက်မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ယင်းနောက် ပဓာနနာယက ဆရာတော် ဦးကုမာရထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ချီးမြှင့်သရဏ္ဍာယ်သော ပရိတ်တရားတော်များကို နာယူကြသည်။

ဆက်လက်၍ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများက

ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ကျောင်းသစ်ကျောင်း စာသင်တိုက်မှ ဆရာတော်ကြီး အမှူးပြုသည့် သံဃာတော်များက တရားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် အလှူမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး ဆရာတော်၊ သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် သတ္တုတွင်းဝန်ကြီးဌာနမိသားစု (၁၆) ကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မအူကုန်းဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း တာမွေမြို့နယ် မအူကုန်းရပ်ကွက် ဓမ္မာရုံစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် (၁၇) ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၉ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ဇူလိုင် ၂၉ ရက် (တနင်္ဂနွေနေ့) တွင် အမှတ် ၄၃၊ ၁၃၈ လမ်းရှိ မအူကုန်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ တာမွေမြို့နယ် မင်္ဂလာသုခ ပါဠိတက္ကသိုလ်ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် အမှူးပြုသော ပင့်သံဃာအရှင်သူမြတ် ၁၀ ပါးတို့ကို ပင့်ဖိတ်၍ ဝါဆိုသင်္ကန်းနှင့်တကွ နေ့ဆွမ်း ဆက်ကပ် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ဖြူးမဟာစည် သာသနာ့ရိပ်သာ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း လှိုင်မြို့နယ် အေးရိပ်မွန်အပိုင်း (၁) အမှတ်(၅) ရပ်ကွက် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ သီတင်းသုံးတော်မူရာ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဝါဆို၊ ဝါကပ်တော်မူကြမည့်သံဃာတော်အရှင်သူမြတ်တို့အား ဇူလိုင် ၃၀ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် အဋ္ဌမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပြီး အနုမောဒနာတရားတော် ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ချင်းတွင်းလမ်း တောင်ငူပန်းခြံ ၆/၁၄ ရပ်ကွက်နေ ကွယ်လွန်သူ မောင်ညီညီစိုးအား ရည်စူး၍ ဦးစိုးမြင့်-ဒေါ်အုန်းကြည် မိသားစုတို့က သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကိုယ်ပွားသတင်းစာ တောင်ကြီး ဝါဆိုသင်္ကန်းကပ်

တောင်ကြီး ဇူလိုင် ၂၅

ကိုယ်ပွားသတင်းစာတိုက် တောင်ကြီးမြို့ဝန်ထမ်းမိသားစုများ၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက် နံနက်က ယင်းသတင်းစာတိုက်၌ ကျင်းပရာ စာတည်း(တာဝန်ခံ) ဦးနိုင်ထွန်းနှင့် ဝန်ထမ်းမိသားစုများ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာတာဝန်ခံများနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသည့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ တောင်ကြီးမြို့ စူဠာမုနိပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဂုဏဝံသာလင်္ကာရ (လူမှုထူးချွန်ဒုတိယအဆင့်) ထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဏ္ဍာယ်ပြီးနောက် စာတည်းနှင့်ဝန်ထမ်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ဆရာတော် ဘဒ္ဒန္တ ဂုဏဝံသာလင်္ကာရမှ အနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ (ကြေးမုံ)

ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇူလိုင် ၂၅

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ဩဝါဒကို ခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ အကြိမ် (၁၁၀) မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၂၉ ရက် (ဒုတိယဝါဆိုလပြည့်) မှ ဩဂုတ် ၆ ရက် (ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်) အထိ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်မြစ်အတွင်းထူးကဲဒီရေတက်ဖွယ်ရှိ

ရန်ကုန် ဇူလိုင် ၂၅

ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၄ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ၁ ပေခန့်မှ ၂၁ဒသမ၁ ပေခန့်အထိ ထူးကဲဒီရေတက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်း အာဏာပိုင်က သတိပေးအကြောင်းကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်
ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်
ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်စေရမည်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဇူလိုင် ၂၃ရက်က ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် **အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းထားကြသော ဆွေးနွေးချက်စာတမ်းများနှင့် စပ်လျဉ်း၍ အလှည့်ကျသဘာပတိအဖွဲ့ဝင်များ၏ ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–**

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၃ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက 'အထွေထွေပြဋ္ဌာန်းချက်များအခန်း'နဲ့ စပ်လျဉ်းပြီး–

"နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ သက်ဆိုင်ရာနိုင်ငံအနေနဲ့ ဖြတ်သန်းလာခဲ့ရတဲ့သမိုင်းကြောင်းကို ရောင်ပြန်ဟပ်လျက်ရှိပြီး နိုင်ငံတော်ဖွဲ့စည်းတည်ရှိမှုကို သရုပ်ဖော်တဲ့ ပင်မဥပဒေဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ နိုင်ငံတော်အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေး အာဏာများကို မည်သို့မည်ပုံခွဲဝေကျင့်သုံးမယ်ဆိုတာကိုလည်းကောင်း၊ နိုင်ငံတော်ကကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ် စသည်တို့ကိုလည်းကောင်း ဖော်ပြပါရှိတဲ့ နိုင်ငံအတွင်းရှိ အခြားဥပဒေအားလုံးရဲ့ကျောရိုးမဏ္ဍိုင်ဥပဒေဖြစ်တဲ့အတွက် အခြားဥပဒေအားလုံးဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေများမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဥပဒေအားလုံးရဲ့ အခြေခံဥပဒေဖြစ်ကြောင်း ပြဋ္ဌာန်းထားကြတာကိုလည်း လေ့လာတွေ့ရှိရပါတယ်"

လို့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌက–

"ကျွန်တော်ရှင်းလင်းတင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ 'အထွေထွေပြဋ္ဌာန်းချက်များ' အခန်းနဲ့စပ်လျဉ်းလို့ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်–

၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်။

၂။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။

၃။ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်။

၄။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ နိဒါန်း၊ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ မြန်မာစာဖြင့် ရေးသားထားချက်များအပေါ်တွင်သာ အခြေပြုရမည်။

၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားရမည်။

၆။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ မြန်မာစာမူတစ်ခုကို အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိရမည်။ ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေရှိ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ်သက်သေအရာတည်စေရမည်။

၇။ ပြည်ထောင်စုအစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ–

(က) တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည်။

(ခ) သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေခွင့်ပြုနိုင်သည်။

၈။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကာလက ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့သော စာချုပ်များအရသော်လည်းကောင်း၊ သဘောတူညီချက်များအရသော်လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့်တာဝန်များကို အဆိုပါ အခြားနိုင်ငံကလည်း ပြည်ထောင်စုမြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကလည်း လေးစားသည်။

၉။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအာဏာ မတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် ချုပ်ဆိုထားရှိခဲ့သော ပဋိညာဉ်များနှင့်စပ်လျဉ်း၍ဖြစ်စေ၊ တာဝန်များနှင့် စပ်လျဉ်း၍ ဖြစ်စေ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအား တရားစွဲဆိုနိုင်သော အခွင့်အရေးအရတရားစွဲဆိုရန် ပေါ်ပေါက်ခဲ့လျှင် ပြည်ထောင်စု အစိုးရအား တရားစွဲဆို နိုင်သည်။

(ခ) ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်သည် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်၏ အမည်ဖြင့် တရားစွဲဆိုနိုင်သည်။ ထိုနည်းတူပင် တရားစွဲဆိုခြင်းကို ခံနိုင်သည်။

၁၀။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးကို ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၉)ဦးဖြင့် ဖွဲ့စည်းရမည်။ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲကဖြစ်စေ အောက်ဖော်ပြပါ အရည်အချင်းများနှင့် ပြည့်စုံသူများအနက်မှ အဖွဲ့ဝင်(၃)ဦးစီကို ရွေးချယ်ရမည်–

(က) အသက် (၅၀)နှစ် ပြည့်ပြီးသူ၊

(ခ) အသက်ကန့်သတ်ချက်မှအပ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ဂ) အသက်ကန့်သတ်ချက်မှအပ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများအတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ပြည့်စုံသူ၊

(ဃ) နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးအမြင်ရှိသူ၊

(င) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူ၊

၁၁။ နိုင်ငံတော်သမ္မတသည် မိမိရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင်(၃)ဦးနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ရွေးချယ်ထားသည့် အဖွဲ့ဝင် (၃)ဦး၊ စုစုပေါင်း (၉)ဦး၏ အမည်စာရင်းကိုလည်းကောင်း၊ ယင်းတို့အနက် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရန် အဖွဲ့ဝင်တစ်ဦး၏ အမည်ကိုလည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းလျက် သဘောတူညီချက် ရယူရမည်။

၁၂။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်းနှင့် မပြည့်စုံကြောင်း အထင်အရှားမပြနိုင်ပါက ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက စုစည်းအမည် စာရင်းတင်သွင်းသည့် ပုဂ္ဂိုလ်များအား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့် မရှိစေရ။

၁၃။ နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက် မရရှိသည့် အဖွဲ့ဝင်နေရာအတွက် အမည်စာရင်းသစ်ကို ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခွင့်ရှိသည်။

၁၄။ နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရရှိပြီးသည့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန် ပေးရမည်။

၁၅။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ သက်တမ်းသည် ပြည်ထောင်စုလွှတ်တော်၏ သက်တမ်းနှင့်အညီ (၅)နှစ် ဖြစ်သည်။ သို့ရာတွင် သက်တမ်း ကုန်ဆုံးပြီးဖြစ်သော်လည်း လက်ရှိတာဝန် ထမ်းဆောင်လျက်ရှိသော ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ် ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိ၏ လုပ်ငန်းတာဝန်များကို ဆက်လက် တာဝန်ထမ်းဆောင်ရမည်။

အလှည့်ကျသဘာပတိအဖွဲ့ဝင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အလှည့်ကျသဘာပတိအဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကံညွန့် အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

၁၆။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည်–

(က) လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်ဖြစ်လျှင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန် ပေးခြင်းခံရသည့် နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်နေ့မှစ၍ တည်ဆဲဝန်ထမ်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) နိုင်ငံရေးပါတီတစ်ခုခု၌ အဖွဲ့ဝင်ဖြစ်လျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရ။

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးသည် ရာထူးသက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်ခုခုကြောင့် မိမိသဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်လိုလျှင် ထိုသို့နုတ်ထွက်လိုကြောင်း နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြပြီး ရာထူးမှ နုတ်ထွက်နိုင်သည်။

၁၈။ အကြောင်းတစ်ခုခုကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် ရာထူးနေရာ လစ်လပ်လျှင် နိုင်ငံတော်သမ္မတသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်အသစ်အား ခန့်အပ်တာဝန်ပေးနိုင်သည်။

၁၉။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင် တစ်ဦးဦးအား အောက်ပါအကြောင်း တစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်–

(၁) နိုင်ငံတော်၏ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(၃) အကျင့်သိက္ခာပျက်ပြားခြင်း၊

(၄) ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် သတ်မှတ်ထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်၏ အရည်အချင်း ပျက်ယွင်းခြင်း၊

(၅) ပေးအပ်ထားသော တာဝန်ဝတ္တရားများကို ကျေပွန်စွာ မထမ်းဆောင်ခြင်း၊

စာမျက်နှာ ၄ ကော်လံ ၁ သို့

အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမည့်မူ အမှတ် ၁ မှ ၂၆ အထိကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်

ရှင်းလင်းတင်ပြချက်များ ပြည့်စုံ၍ ခေတ်နှင့်လျော်ညီ စုစည်းချက်အပိုဒ် ၁ မှ ၂၆ အထိ ထပ်မံအကြံပြုရန်မရှိ

▶ စာမျက်နှာ ၃ မှ

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးဦးအပေါ် စွပ်စွဲပြစ်တင်လိုပါက ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊

(ခ) ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေများသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ–မရှိ စိစစ်ခြင်း၊

(ဂ) ပြည်ထောင်စု၊ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာအာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းရှိ–မရှိ စိစစ်ခြင်း၊

(ဃ) ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စု နယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များ၊

၂၁။ တရားရုံးတစ်ရုံးသည် အမှုတစ်မှုကို စစ်ဆေးစီရင်ရာတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုရှိ–မရှိ၊ ညီညွတ်မှုရှိ–မရှိ အငြင်းပွားမှု ပေါ်ပေါက်ပါက ထိုအငြင်းပွားမှုနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကလည်း တစ်စုံတစ်ရာဆုံးဖြတ်ချက် ချမှတ်ထားခြင်းမရှိသေးလျှင် အဆိုပါတရားရုံးသည် အမှုစစ်ဆေးစီရင်ခြင်းကို ရပ်ဆိုင်းထားပြီး မိမိ၏ထင်မြင်ချက်ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည်။ ယင်းအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၂၂။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၂၃။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန် ကိစ္စများကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တိုက်ရိုက် တင်သွင်းခွင့်ရှိသည်–

(က) နိုင်ငံတော်သမ္မတ

(ခ) ပြည်ထောင်စုလွှတ်တော်နာယက

(ဂ) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ

(ဃ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ

(င) ပြည်ထောင်စုတရားသူကြီးချုပ်

(စ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ

၂၄။ အောက်ပါပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ဆုံးဖြတ်ချက်၊ သဘောထားရယူရန်ကိစ္စများကို သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့တင်သွင်းခွင့်ရှိသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့ဥက္ကဋ္ဌ

(ဃ) ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး ၁၀ ရာခိုင်နှုန်း အရေအတွက်ရှိသော ကိုယ်စားလှယ်များ၊

၂၅။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ရမည်။

၂၆။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် ရပိုင်ခွင့်များကို ဥပဒေဖြင့် ပြဋ္ဌာန်းသည့်အခါ မှီငြမ်းပြုနိုင်ရေးအတွက် ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်သည်။ ခုံရုံးအဖွဲ့ဝင်ကို ပြည်ထောင်စုဝန်ကြီးအဆင့် သတ်မှတ်သည်”

လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားသွားခဲ့ပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အဲဒီရှင်းလင်းချက်နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ နိုင်ငံရေးပါတီ(၈)ပါတီအနက် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီက–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများကို ကမ္ဘာ့နိုင်ငံအချို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ မြန်မာနိုင်ငံ၏ ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို သေချာစွာလေ့လာစိစစ်ပြီး အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ထားသည့် ဦးတည်ချက်များနှင့် အခြေခံမူများဘောင်အတွင်း ပြည့်စုံစွာ တင်ပြထားကြောင်းတွေ့ရှိရပါတယ်။

သို့ဖြစ်ရာ ဖော်ပြပါအခန်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက တင်ပြခဲ့သည့်အချက်များဟာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်ရန် လျော်ကန်သင့်မြတ်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြတဲ့ အထွေထွေ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူ အမှတ် ၁ မှ ၂၆ အထိကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြသွားတဲ့ အထွေထွေ ပြဋ္ဌာန်းချက်များအခန်းမှ စုစည်းချက်အပိုဒ် ၁ မှ ၂၆ အထိ ကျွန်တော်တို့ပါတီအနေနဲ့ အသေးစိတ် လေ့လာသုံးသပ်ကြည့်ပါတယ်။ ဥက္ကဋ္ဌကြီး ရှင်းလင်းတင်ပြချက်များသည် ပြည့်စုံ၍ ခေတ်နှင့်လျော်ညီဖြစ်တာကို လေ့လာတွေ့ရှိရသောကြောင့် စုစည်းချက် အပိုဒ် ၁မှ ၂၆ အထိ ထပ်မံအကြံပြုရန် မရှိပါသဖြင့် အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း”

ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

“ဤစုစည်းချက်အပိုဒ် ၆ နှင့် စပ်လျဉ်းပြီး ကျွန်တော်တို့ ပါတီအနေနဲ့ ဖြည့်စွက်ဆွေးနွေး အကြံပြုလိုပါတယ်။

ကျွန်တော်တို့အမိနိုင်ငံတော်ကြီးသည် ကျယ်ဝန်းလှသော တိုင်းဒေသကြီးများ၊ ပြည်နယ်များနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဖြင့် တည်ဆောက်ထားသော နိုင်ငံတော်ကြီးဖြစ်သလို များပြားလှတဲ့ တိုင်းရင်းသားလူမျိုးနွယ်စုများသည် ကျယ်ဝန်းလှတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်များတွင် နေရာအနှံ့ ပြန့်ကျဲလျက်နေထိုင်ကြပါတယ်။ ဒီလိုနေရာအနှံ့တွင် နေထိုင်ကြသော တိုင်းရင်းသား လူမျိုးနွယ်စုအသီးသီး၌ အချို့သော ပုဂ္ဂိုလ်များသည် မြန်မာစကားကျွမ်းကျင်မှု မရှိခြင်း၊ မြန်မာစာကျွမ်းကျင်မှုမရှိခြင်း စသော ပုဂ္ဂိုလ်အမြောက်အမြား ရှိပါတယ်။ နိုင်ငံကျယ်ဝန်းတဲ့အလျောက် မော်ကွန်းတိုက်နဲ့လည်း ဝေးလံတဲ့ နေရာဒေသများ ရှိပါတယ်။ မြန်မာစကား၊ မြန်မာစာမကျွမ်းကျင်သော တိုင်းရင်းသားလူမျိုးနွယ်စုများ၊ နိုင်ငံတော်၏ အဓိကကျသော ဖွဲ့စည်းပုံ အခြေခံဥပဒေကို လေ့လာသိရှိနားလည်၊ လိုက်နာနိုင်ရေးအတွက် ဦးတည်ချက်ထားပြီး သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးနွယ်စု အသီးသီး၏ စာပေဘာသာများဖြင့် ဘာသာပြန်ရေးသားထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမြန်မာစာမူလိုအပ်မှာဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးနွယ်စု အသီးသီး၏ စာပေဖြင့်ရေးသားထားသော ဘာသာပြန် ဖွဲ့စည်းပုံ အခြေခံဥပဒေ တိုင်းရင်းသားများစာမူ မူကြမ်းမိတ္တူကို သက်ဆိုင်ရာ တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအသီးသီး၌ ထိန်းသိမ်းထားရှိနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက သင့်လျော်တဲ့ ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားရှိစေသင့်ပါကြောင်း ဖြည့်စွက် အကြံပြုအပ်ပါတယ်”

လို့ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီက ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့က–

“– မြန်မာစာကို ရုံးသုံးစာအဖြစ် သတ်မှတ်ခြင်းနဲ့စပ်လျဉ်း၍လည်းကောင်း၊

– ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုဖို့အကြောင်း ပေါ်ပေါက်လာရင်လည်း မြန်မာစာဖြင့် ရေးသားချက်များအပေါ်တွင်သာ အခြေပြုရမှာဖြစ်ကြောင်း သုံးသပ်ရမှုကိုလည်းကောင်း၊

– ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းနဲ့ စပ်လျဉ်း၍လည်းကောင်း၊

– မော်ကွန်းတင်ထားရှိတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိသည့် ပြဋ္ဌာန်းချက်များအတွက် အပြီးသတ် သက်သေအရာမှာ တည်စေရမည်လို့ ဖော်ပြပါရှိတာကို လေ့လာတွေ့ရှိရမှုကိုလည်းကောင်း၊

– နိုင်ငံတော် အခြေခံမူများသတ်မှတ်ရေးအတွက် အခြေခံရမည့်မူတွေကို ချမှတ်စဉ်က စီးပွားရေးနဲ့ စပ်လျဉ်း၍လည်းကောင်း၊

– လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ပြုခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များနဲ့ စပ်လျဉ်း၍လည်းကောင်း၊

– ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ် အာဏာမတည်မီက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနဲ့ အခြားနိုင်ငံအစိုးရတို့ ချုပ်ဆို အတည်ပြုခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များရှိမှုနှင့်ပတ်သက်၍ လည်းကောင်း၊

– နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊

– ခုံရုံးဖွဲ့စည်းရေး၊ အဖွဲ့ဝင်များခန့်ထားရေး၊ အဖွဲ့ဝင်များရှိသင့်သည့် အရည်အချင်း၊ ခုံရုံးရဲ့သက်တမ်း၊ အဖွဲ့ဝင်အဖြစ် တာဝန်ပေး ခန့်ထားခြင်း၊ နိုင်ငံတော်အပေါ်သစ္စာစောင့်သိခြင်းနဲ့ ခုံရုံး၏လုပ်ငန်းတာဝန်များနဲ့ စပ်လျဉ်း၍လည်းကောင်း၊

လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးရဲ့ ရှင်းလင်းပြောကြားချက်များကို မိမိတို့ လေ့လာသုံးသပ်ခဲ့ကြပါတယ်။ ယင်းသို့လေ့လာရာမှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများအဖြစ် စုစည်းလျက် အမှတ်စဉ် (၁)မှ အမှတ်စဉ်(၂၆)အထိ ရှင်းလင်းတင်ပြထားတာတွေ့ရှိရပါတယ်။ ချမှတ်သင့်သည့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ➡

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဖွဲ့စည်းမှု၊ ဆက်သွယ်မှု၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏တာဝန်များ၊ လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များ စသည်တို့ကို ဥပဒေ ပြဋ္ဌာန်း၍သတ်မှတ်ရမည်။

‘အထွေထွေပြဋ္ဌာန်းချက်များ’ အခန်းမှာပါရှိတဲ့ အချက်အလက်များဟာ ခေတ်မှီဋ္ဌာန်ကျကျ ဆီလျော်ကောင်းမွန်ပြီး ကျယ်ကျယ်ပြန့်ပြန့်ရှိ

➡ စာမျက်နှာ ၄ မှ

အသေးစိတ်အခြေခံရမယ့်မူများအဖြစ် စုစည်းတင်ပြချက်များဟာ သင့်တော်ဆီလျော်မှုများ ရှိပါသဖြင့် ဆွေးနွေးရန်မရှိ ထောက်ခံအပ်ပါကြောင်း” ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီနိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမယ့်မူများနှင့်ပတ်သက်ပြီး ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၃ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌက မိမိတို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ သော်လည်းကောင်း၊ အခြားအချို့နိုင်ငံတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများအရသော် လည်းကောင်း၊ အနာဂတ်နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေရေး၊ နိုင်ငံရဲ့ ရေမြေသဘာဝ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ဖြစ်ပေါ်ခဲ့တဲ့သမိုင်းကြောင်း၊ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စတဲ့အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေမှုရှိသည့်အတွက် စုစည်းတင်ပြချက် (၂၆)ချက်ကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်က–

“ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးသက်တမ်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးတွင် အဖွဲ့ဝင်အဖြစ် တာဝန်ခံထားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် တစ်ဦးအပေါ် စွပ်စွဲပြစ်တင်ခြင်းနဲ့စပ်လျဉ်း၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားရုံးတစ်ရုံးက အမှုကို စစ်ဆေးစီရင်ရာမှာ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်မှု ရှိ–မရှိ၊ ညီညွတ်မှု ရှိ–မရှိ အငြင်းပွားမှုပေါ်ပေါက်ခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအတွက် လိုအပ်သောဥပဒေပြဋ္ဌာန်းပေးရာတွင် ခုံရုံးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များအဆင့်သတ်မှတ်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားညီလာခံ လုပ်ငန်းကော်မတီဥက္ကဋ္ဌကြီးက စုစည်းရှင်းလင်းတင်ပြထားသည့် အချက်(၂၆)ချက်သည် ပြီးပြည့်စုံသည်ဖြစ်၍ အသေးစိတ်အခြေခံမူအဖြစ် ချမှတ်သင့်ပါကြောင်း”
ဆွေးနွေး တင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက–

“နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်ပါ စုစည်းတင်ပြထားသည့် အချက်များပါအတိုင်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အဲဒီ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်တဲ့ “ဝ” အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက–

“နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်အရ ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံမူများဟာ ကဏ္ဍအလိုက် ဆီလျော်သင့်မြတ်မှုရှိတဲ့အတွက် အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြ သွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့(၈)ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့က ဆွေးနွေးတင်ပြသော အကြံပြုချက်စာတမ်း (၄)စောင်အနက်–

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှကိုယ်စားလှယ်

– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ကိုယ်စားလှယ်တို့ရဲ့ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်တဲ့ ယင်းတို့ရဲ့ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားတာကို တွေ့ရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်၊ ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးထွန်းကျော်တို့က–

“၂၀၀၆ ခုနှစ် နိုဝင်ဘာလ (၁၃) ရက်နေ့တွင် ပြုလုပ်ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ရှင်းလင်းပြောကြားခဲ့သည့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်ပါ အပိုဒ် ၁ မှ ၂၆ အတိုင်း အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

ဒါ့အပြင် သီးခြားအကြံပြုချက်အနေနဲ့–

‘ဖွဲ့စည်းပုံအခြေခံဥပဒေပါ အကြောင်းရပ်များအညွှန်း’နဲ့ပတ်သက်ပြီး ဆက်လက်အကြံပြု တင်ပြလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အကြောင်းရပ်များနဲ့ပတ်သက်လို့ အရေးတကြီး သိဖို့လိုအပ်လာရင် အဲဒီအကြောင်းရပ်နဲ့ သက်ဆိုင်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်ပါ ပုဒ်မ၊ ပုဒ်မခွဲ၊ စာမျက်နှာများကို အချိန်တိုတိုအတွင်း အလွယ်တကူ အမြန်ဆုံး ရှာဖွေတွေ့ရှိနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်တွင် ဖော်ပြထားပေးသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အကြောင်းရပ်များ အညွှန်းနှင့်ပတ်သက်၍ အချို့နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပါရှိပေမယ့် နိုင်ငံအများစုမှာတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြခြင်းမရှိပါ။ အညွှန်းဖော်ပြတဲ့ နိုင်ငံများဟာလည်း အညွှန်းကို အခန်းတစ်ခန်းအဖြစ် မဖော်ပြကြဘဲ အခြေခံဥပဒေစာအုပ်မှာ မာတိကာထားရှိသလို၊ ဥပဒေစာအုပ်အဆုံးမှာ ဖော်ပြကြတာကို လေ့လာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းပြီး စာအုပ်အဖြစ် ထုတ်ဝေတဲ့အခါမှာ **‘ဖွဲ့စည်းပုံအခြေခံဥပဒေပါ အကြောင်းရပ်များအညွှန်း’**ကို ထည့်သွင်းဖော်ပြပေးသင့်ပါကြောင်း သီးခြားအကြံပြုချက်တစ်ရပ်အဖြစ် အကြံပြုတင်ပြအပ်ပါတယ်”ဟုလည်းကောင်း၊

“မည်သည့်လုပ်ငန်းမျိုးကိုမဆို လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ယင်းလုပ်ငန်းတစ်ရပ် စနစ်တကျရှိစေရန်၊ ချောမောပြေပြစ်စွာ လည်ပတ်နိုင်စေရန်နှင့် အထမြောက်အောင်မြင်စေရန်အတွက်–

၁။ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်း၊

၂။ ယင်းမူဝါဒ လမ်းညွှန်ချက်များအရ အကောင်အထည်ဖော်သည့်အခါ ချွတ်ယွင်းချက် အားနည်းချက်များကို မျက်ခြည်မပြတ် လေ့လာစိစစ်ခြင်း၊

၃။ စိစစ်လေ့လာတွေ့ရှိချက်အရ ပြုပြင်ဆောင်ရွက်မှုများ၏ အောင်မြင်မှုအတိုင်းအတာကို ပြန်လည်လေ့လာစိစစ်ခြင်း၊

၄။ ယင်းထပ်မံလေ့လာစိစစ်မှုများအပေါ်တွင် မျက်ခြည်မပြတ် ထပ်မံ၍ လေ့လာသုံးသပ်ခြင်း၊

၅။ ရရှိလာသော အဖြေများအပေါ် မူတည်၍ မူဝါဒလမ်းညွှန်ချက်များ ချမှတ်ခြင်း၊

များရှိရမယ်လို့ ပညာရှင်များ မိန့်ဆိုခဲ့ကြတာကို ဖတ်ရှုလေ့လာသိရှိရပါတယ်။ ပညာရှင်များ၏ မိန့်ဆိုချက်များဟာ စိတ်ဝင်စားဖို့ ကောင်းလှတာနဲ့အညီ မည်သည့်ခေတ်ကာလတွင်ဖြစ်စေ၊ မည်သည့်လုပ်ငန်းတွင်ဖြစ်စေ၊ အလွန်တရာမှ သဘာဝကျဆီလျော်နေကြောင်းကိုလည်း တွေ့ရှိရပါတယ်။ မူဝါဒလမ်းညွှန်ချက်များအတိုင်း လုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော်ကြသည့်တိုင်အောင် ယင်းလုပ်ငန်းရပ်၏ ချို့ယွင်းချက်၊ အားနည်းချက်များ၊ ပျော့ကွက်၊ ဟာကွက်များနဲ့ အမှား၊ အမှန်များကို အမြဲမပြတ် လေ့လာရှာဖွေဆည်းပူးနေရမှာ အမှန်ပင်ဖြစ်ပါတယ်။ ထိုတွေ့ရှိချက်များအရ ပြုပြင်ဆောင်ရွက်ကြစေကာမူ ယင်းပြုပြင်ဆောင်ရွက်ချက်များ၏ အောင်မြင်မှု၊ မအောင်မြင်မှုကိုပါ ထပ်ဆင့်စစ်ဆေးခြင်းဟာလည်း လုပ်သင့်၊ လုပ်ထိုက်သည့် လုပ်ငန်းတစ်ရပ်ပင်ဖြစ်ပါတယ်။ သို့မှလည်း တွေ့ရှိချက်များအရ ပြန်လည်ပြုပြင် ဆောင်ရွက်လိုက်တဲ့ လုပ်ငန်း၏ မှန်ကန်မှု၊ မမှန်ကန်မှုတွေကို ထပ်မံ၍ အထင်အရှား တွေ့မြင်လာနိုင်မှာဖြစ်ပါတယ်။ တစ်ဖန် ယင်းလေ့လာတွေ့ရှိသည့် ချို့ယွင်းချက်များနှင့် ပြုပြင်ဆောင်ရွက်ချက်များ၏ အကြောင်းတရားနှင့် အကျိုးတရားများကို ထက်ကြပ်မကွာ သုံးသပ်အဖြေရှာ နေပါမှလည်း ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းများအတွက် အကျိုးတရားများ မုချရရှိလာနိုင်မှာဖြစ်သလို မှန်ကန်သောမူဝါဒ၊ တိကျသော လမ်းညွှန်ချက်အသစ်များကို အသစ်တစ်ဖန် ပြန်လည်ချမှတ်နိုင်ကြမှာဖြစ်ပါတယ်။ ဖော်ပြပါပညာရှင်များ၏ မိန့်ဆိုချက်အတိုင်းပို၍ ပို၍ တိုးတက်သော လုပ်ငန်းနည်းစနစ်များ၊ လူနေမှုစနစ်များကို နိုင်ငံတိုင်းလိုလိုတွင် ချမှတ်၍ ကျင့်သုံးဖော်ဆောင်လျက်ရှိကြတာကို လေ့လာသိရှိရပါတယ်။ ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်ရာမှာ လုပ်ငန်းရပ်များ အောင်မြင်ချောမောစွာ လည်ပတ်နိုင်စေရေးအတွက် လုပ်ငန်းဟူသမျှတွင် **‘စစ်ဆေးခြင်း၊ ပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ သုံးသပ်စစ်ဆေးခြင်း’**တို့ကို အလေးထား ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်”ဟုလည်းကောင်း

တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်ပါ(၃)ဦးတို့က အကြံပြုဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အဲဒီကိုယ်စားလှယ်များအစုအဖွဲ့မှာ ပါဝင်တဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များဖြစ်ကြတဲ့ ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ဝင်း၊ တောင်တွင်း

> **နိုင်ငံတော်ကြီးကိုတည်ဆောက်ရာမှာ လုပ်ငန်းရပ်များ အောင်မြင် ချောမောစွာ လည်ပတ်နိုင်စေရေးအတွက် လုပ်ငန်းဟူသမျှတွင် ‘စစ်ဆေးခြင်း၊ ပြန်လည်စစ်ဆေးခြင်း၊ ပြုပြင်ခြင်း၊ သုံးသပ်စစ်ဆေးခြင်း’ တို့ကို အလေးထား ဆောင်ရွက်သင့်။**

ကြီးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးသိမ်းကြည်၊ မင်းဘူးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှစိုး၊ တွံတေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမြလှိုင်၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကြည်ဝင်း၊ မင်္ဂလာဒုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတင်ထွန်းမောင်တို့က–

“နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အထွေထွေပြဋ္ဌာန်းချက်များအခန်းနှင့် ပတ်သက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည်မှာ ပြီးပြည့်စုံပြီး လျော်ကန်သင့်မြတ်၍ အကြောင်းအကျိုးညီညွတ်ပါသဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားတဲ့ စုစည်းတင်ပြချက်အပိုဒ်(၁)မှ အပိုဒ်(၂၆)အထိကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့က–

“ကျွန်တော်တို့ အစုအဖွဲ့အနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အထွေထွေ ပြဋ္ဌာန်းချက်များ အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်တဲ့ စုစည်းချက် အပိုဒ်(၁) မှ (၂၆)အထိ အခြေခံမူများကို အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း”
ဆွေးနွေးတင်ပြသွားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြခဲ့သော အမှတ်စဉ်(၁)မှ (၂၆)အထိ အချက်အလက်များကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့က–

“အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူ (၂၆)ချက်ကိုလည်း အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း”
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့က–

စာမျက်နှာ ၆ ကော်လံ ၁ သို့ ⇨

ဆန္ဒမွန်

☆ ဖွဲ့စည်းပုံစနစ်
ဥပဒေသစ်တွက်
ကျစ်လျစ်ခိုင်မာ
စုစည်းကာဖြင့်
ညီလာခံဝယ်
အနယ်နယ်မှ
ကိုယ်စားလှယ်များ
စိတ်ထားတူညီ
ဖွဲ့ကိုယ်စီဖြင့်
ညီညာအားထုတ်
တကယ်လုပ်တော့
အဟုတ်သေချာ
ရောက်တော့မှာ၊
ဒီမိုကရေစီစခန်းသာ။

☆ ဒို့ပြည်အကျိုး
ဆထက်တိုး၍
သယ်ပိုးထမ်းရွက်
ခက်လက်ဝေဖြာ
ပြည်မြန်မာကို
သာယာစေရန်
ပေါင်းစုဟန်ဖြင့်
အောင်လံလွှင့်တင်
လှစေချင်သည်
ပြည်ခွင်တစ်လွှားမှ
ညီနောင်များ၏ဆန္ဒမွန်။

အေးသန်း(ကြေးမုံ)

⇨ စာမျက်နှာ ၅ မှ

"ကျွန်တော်တို့ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့က ဖွဲ့စည်းပုံအခြေခံဥပဒေပါ အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ချပြရှင်းလင်းထားတဲ့ အပိုဒ်(၁)မှ(၂၆)အထိကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့ တစ်ဖွဲ့ဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့က-

"၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နဲ့ ၁၃ ရက်နေ့များက ကျင်းပပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားတဲ့ 'အထွေထွေပြဋ္ဌာန်းချက်များ အခန်း' မှာပါရှိတဲ့ အချက်အလက်များဟာ ဓမ္မဓိဋ္ဌာန်ကျကျ ဆီလျော်ကောင်းမွန်ပြီး ကျယ်ကျယ်ပြန့်ပြန့်ရှိတဲ့အတွက် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ သီးခြားအကြံပြုရန် မရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် အထွေထွေပြဋ္ဌာန်း ချက်များအခန်းမှာပါရှိတဲ့ စုစည်းတင်ပြချက် (၂၆)ချက်ကို အသေးစိတ် အခြေခံ ရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များ အစုအဖွဲ့က-

"နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် 'အထွေထွေပြဋ္ဌာန်းချက်များ အခန်း' အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့် မူများနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းချက်မှာပါဝင်တဲ့ အချက်(၂၆)ချက်ဟာ အနာဂတ်နိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပါရှိသင့်တဲ့ အချက်များဖြစ်တဲ့အတွက် အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ကြောင်း"
ဆွေးနွေးတင်ပြသွားတာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား-

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မယ့် **'ရွေးကောက်တင်မြှောက်ခြင်းအခန်း'၊ 'နိုင်ငံရေးပါတီများအခန်း'၊ 'အရေးပေါ် ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း'၊ 'ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း အခန်း'၊ 'နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း'၊ 'ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်း'နဲ့'အထွေထွေပြဋ္ဌာန်းချက်များအခန်း'** တို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့် မူများနဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှာပါဝင်တဲ့ နိုင်ငံရေးပါတီများနဲ့ ညီလာခံကိုယ်စားလှယ် အစုအဖွဲ့အချို့မှ ညီလာခံကိုယ်စားလှယ်များက တင်သွင်းလာတဲ့ အကြံပြုချက် စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ကျသဘာပတိ အဖွဲ့ရဲ့ တွေ့ရှိချက်များကို ကောက်နုတ်စုစည်းတင်ပြလို့ပြီးပါပြီ။

ဒီအကြံပြုချက်စာတမ်းတွေကို လေ့လာကြည့်ရင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းပြောကြားချက်များကို အသေးစိတ် အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ကိုယ်စားလှယ် အစုအဖွဲ့များနဲ့ ကိုယ်စားလှယ်အများအပြားက ထောက်ခံဆွေးနွေးသွားတာ တွေ့ရှိရပါတယ်။ အချို့ကိုယ်စားလှယ်များကလည်း ထောက်ခံဆွေးနွေးသွားသည့်အပြင် သီးခြား အကြံပြုချက်များအနေနဲ့ အကြံပြုတင်ပြသွားကြတာလည်း တွေ့ရှိရပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် နေပြည်တော်ဟိုတယ်များအဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်ဟိုတယ်များ အဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၂၁ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဗိုလ်မှူးကြီးကံချွန်၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနနှင့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်ဇုန်မှ ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များသည် နိုင်ငံတကာ အဆင့်မီရန် လိုအပ်ကြောင်း၊ ဟိုတယ်များ၏ အတွင်းဧရိယာများသာမက အပြင်ဘက်မျက်နှာစာများတွင်လည်း သစ်ပင်ပန်းမန်များကို တစ်နှစ်ပတ်လုံး ဖူးပွင့်လှပ စိမ်းစိုသပ်ရပ်နေအောင် ယခုမိုးရာသီအမီ စိုက်ပျိုး ပြီးစီးရန် လိုအပ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ထို့နောက်ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က ဟိုတယ်များဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော ဟိုတယ်လုပ်ငန်းရှင်များက ဆွေးနွေးအကြံပြု တင်ပြကြသည်။

ယင်းနောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ဗိုလ်မှူးကြီးကံချွန်က ဆွေးနွေးတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ဟိုတယ်ဇုန်သို့ သွားရောက်ပြီး မျက်နှာစာနှင့် ဟိုတယ်ပတ်ဝန်းကျင်မြေများအား စက်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် နေပြည်တော် ဟိုတယ်ဇုန်တွင် ဟိုတယ်များ အဆင့်မြှင့်တင်ရေး လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဟိုတယ်/ခရီး)

ဝန်ကြီး ဦးဉာဏ်ဝင်း မော်လ်ဒိုက်ဗ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၀၇ခုနှစ် ဇူလိုင် ၂၆ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၂)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ မော်လ်ဒိုက်ဗ် သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အာမက်ရှာဟိဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။(သတင်းစဉ်)

မအူပင်မြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၅

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ သတ္တမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁၂ ရက် (၁၃၆၉ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ ရက်) တနင်္ဂနွေနေ့ နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီး အာဇာနည်လမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဓမ္မာရုံတွင်ကျင်းပပြီး မအူပင်မြို့နယ်ဖွား ဆရာတော်ကြီး ၁၉ပါး တို့ကို သင်္ကန်းနှင့်ဆွမ်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ မအူပင်မြို့နယ်သူ မြို့နယ်သားများ၊ စေတနာရှင်များနှင့် အသင်းဝင်များသည် သင်္ကန်းဒွိစုံနှင့် လှူဖွယ်ဝတ္ထုအစုစုကို အသင်းဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၆၁၁၁၀၇၊ ဒု-ဥက္ကဋ္ဌ ဦးစိန်မင်း ဖုန်း-၃၇၁၆၇၂၊ ဒု-ဥက္ကဋ္ဌ ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ ဦးတင်မြင့် ဖုန်း-၅၄၀၇၅၂၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ အတွင်းရေးမှူး ဦးမြင့်သိန်း ဖုန်း-၃၈၅၀၇၈နှင့် အမှုဆောင်များဖြစ်သည့် ဦးသိန်းငွေ ဖုန်း-၀၉ ၈၁၉၁၆၅၅၊ ဦးထိုက်စီ ဖုန်း-၀၉ ၅၀၀၀၈၆၊ ဦးစိန်မြင့် ဖုန်း-၅၆၅၅၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဖိတ်စာများကို ကြိုတင်ပေးပို့ထားရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြည်ညို သဒ္ဓါပွားနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှ အပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၇ခုနှစ် ဇူလိုင်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
၂၉-၇-၂၀၀၇ ရက်နေ့
၂၀၀၇ခုနှစ် ဩဂုတ်လအတွက် ၁၂-၈-၂၀၀၇ ရက်နေ့
နှင့်
၂၆-၈-၂၀၀၇ ရက်နေ့

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၂၅

ဇူလိုင်၂၂ရက်က ရဲမွန်ကျွန်းသာလာ ဂေါက်ကွင်း၌ ဦးစိုးနိုင် (YDCCI-ဘုရင့်နောင် ကုန်သည်ဒိုင်) မိုးရာသီ အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကစားဖော်များဖြစ်ကြသော ဦးရန်နိုင်စိုး၊ ဦးကျော်သင်း၊ ဦးအောင်ကိုဇော်တို့နှင့် အတူကစားရာ ကျင်းအမှတ်(၈)သို့ ကိုက် ၁၅၀အကွာမှ Srixon ဘောလုံးကို Maruman Iron-6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

ပအိုဝ်းအမျိုးသားဓမ္မာရုံ ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၅

ဗဟန်းမြို့နယ် တောင်ကြီး ပရိယတ္တိစာသင်တိုက်ပဓာန နာယကဆရာတော်ကြီး ဘဒ္ဒန္တဥတ္တမအား ဦးထိပ်ပန်ဆင်၍ ရန်ကုန်မြို့ရှိ ပအိုဝ်းကျောင်းများမှ ဆရာတော်များအား ပအိုဝ်းအမျိုးသား ဓမ္မာရုံ အမှတ်-၃၈၊ ဗဟန်း(၁)လမ်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၂၉ရက် (ဒုတိယဝါဆိုလပြည့်) တနင်္ဂနွေနေ့ နံနက် ၈ နာရီမှစ၍ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ဖုန်း-၃၈၀၈၉၇ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
၅:၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"မြင်မြင်ချင်းပဲကွယ်" (အပိုင်း-၁၆)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သေကံမရောက်" (အပိုင်း-၉)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

လမြတ်ဝါဆို

သာရဝေါစိုးကြည်

ဝါဆိုလသည် မုတ်သုံလေ တသုန်သုန်တိုက်ခတ်၍ မုတ်သုံမိုး ဖြိုင်ဖြိုင်ရွာသွန်းသော လဖြစ်သည်။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် ဆိုသည်နှင့်အညီ မြစ်၊ ချောင်း၊ အင်းအိုင်များ ရေပြည့်လျှံသော လဖြစ်သည်။ ရှစ်ခွင်တိုင်း အုံ့မှိုင်းနေချိန်၊ တောင်သူလယ်သမားတို့ ထွန်ရေးငင်ချိန်၊ စိုက်ပျိုးချိန် ဖြစ်သည်။ စိမ်းရောင်စိုနေသော သစ်ပင် ပန်းပင်များက လူသတ္တဝါတို့အား ရွှင်လန်းချမ်းမြေ့စေသည့် အချိန်ပင်ဖြစ်သည်။

ဝါဆိုလကို မြန်မာမှုအရ ကရကဋ်ရာသီခေါ်၍ ထိုလတွင် စန်းပြည့်နက္ခတ်မှာ ပြုဗ္ဗာသာဠ်နက္ခတ် ဖြစ်သည်။ ယှဉ်သောတာရာမှာ ဗျိုင်းတာရာဖြစ်၍ ရာသီရုပ်မှာ ပုစွန်လုံးရုပ် ဖြစ်သည်။ ရာသီပန်းကား ပုန်းညက်ပန်းဖြစ်၍ ရာသီပွဲတော်ကား ပဉ္စင်းခံပွဲနှင့် ဝါဆိုပွဲဖြစ်သည်။

ဝါဆိုလတွင် ရှေးပဒေသရာဇ်ခေတ်သုံး မြန်မာနာရီ နေ့ ၃၆ နာရီ ရှိကာ ညဉ့် ၂၄နာရီရှိသဖြင့် နေ့တာရှည်၍ ညဉ့်တာတိုသော ကာလဖြစ်သည်။ ရှေးခေတ် မြန်မာများစံတော်ချိန်သတ်မှတ်ချက်အရ နေမွန်းတည့် ၃၀ဝါး ရှိသော လဖြစ်သည်။

ဝါဆိုလပြည့်နေ့ကား **သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ** ဆိုသည်နှင့်အညီ ဗုဒ္ဓသာသနာတော်သမိုင်းတွင် ထူးခြားသော မှတ်တမ်းဖြစ်ရပ်ကြီး လေးခုရှိခဲ့သည်။ ၎င်းဖြစ်ရပ်များသည် ဝါဆိုလပြည့်နေ့များတွင်သာ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်–

(၁) သက္ကရာဇ် ၆၇ ခုနှစ် ဝါဆိုလပြည့် ကြာသပတေးနေ့ ဥတ္တရာသာဠ် နက္ခတ်နှင့် လနက္ခတ်ယှဉ်စံသော သန်းခေါင်ယံ အချိန်တွင် သက္ကတိုင်း၊ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒနမင်းကြီး၏ ချစ်မငြီးသော ကြင်ရာတော် သီရိမဟာ မာယာ မိဖုရားကြီး၏ ဝမ်းကြာတိုက်တွင် ဘုရားလောင်းတော်သည် သန္ဓေယူတော်မူခဲ့သည်။

(၂) ဘုရားလောင်း သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါး မြင်တွေ့ပြီးသောအခါ သက်တော် ၂၉ နှစ်တွင် သက္ကရာဇ် ၉၇ ခုနှစ် ဝါဆိုလပြည့် တနင်္လာနေ့ ညသန်းခေါင်ယံ ဥတ္တရာသာဠ် နက္ခတ်နှင့် စန်းမြတ်ယှဉ်သော အခိုက်၌ တောထွက်တော်မူသည်။

(၃) သိဒ္ဓတ္ထမင်းသားသည် ဘုရားအဖြစ်ကို ရောက်တော်မူပြီး နောက် သက္ကရာဇ်၁၀၃ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့ နေဝင်စ အချိန်တွင် ပဉ္စဝဂ္ဂီငါးဦးဖြစ်သော ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိတို့အား ဓမ္မစကြာတရားတော် ဟောကြားခဲ့သည်။

(၄) သက္ကရာဇ် ၁၁၀ ပြည့်နှစ် ဝါဆိုလပြည့်နေ့၌ မြတ်ဗုဒ္ဓသည် သာဝတ္ထိပြည် ကဏ္ဍာမ္ဗသရက်ဖြူပင်ရင်းတွင် တိတ္ထိတစ်သင်းအား နှိမ်နင်းတော်မူရန် တန်ခိုးပြာဋိဟာပြပွဲကြီးကို အဆန်းတကြယ် ဖန်ဆင်းပြသတော်မူခဲ့သည်။

ဗုဒ္ဓကိုယ်တော်မှ မီးလျှံအဟုန်သည် တရှိန်ရှိန် တညီးညီး အလျှံတပြောင်ပြောင်နှင့် အထက်ဘဝဂ်သို့ ဖြာတက်တော်မူသည်။

ဗုဒ္ဓကိုယ်တော်အောက်ပိုင်းမှ ရေအလျဉ်သည် တသွင်သွင်ယိုစီး ထွက်တော်မူသည်။ ထို့နောက် တစ်ဖန် အထက်ကိုယ်တော်မှ ရေအလျဉ် ဖြာစီးတော်မူ၍ အောက်ကိုယ်တော်မှ မီးလျှံထွက်တော်မူပြန်သည်။

လက်ယာမျက်လုံးတော်မှ မီးလျှံထွက်သောအခါ လက်ဝဲမျက်လုံးတော်မှ ရေအလျဉ် ထွက်တော်မူသည်။

လက်ယာမျက်လုံးတော်မှ ရေအလျဉ်ထွက်သောအခါ လက်ဝဲမျက်လုံးတော်မှ မီးလျှံထွက်တော်မူသည်။

လက်ယာနားတွင်းတော်မှ မီးလျှံထွက်သောအခါ လက်ဝဲနားတွင်းတော်မှ ရေအလျဉ်ထွက်တော်မူသည်။ လက်ယာနားတွင်းတော်မှ ရေအလျဉ် ထွက်သောအခါ လက်ဝဲနားတွင်းတော်မှ မီးလျှံထွက်တော်မူသည်။

ထိုနည်းတူစွာပင် လက်ယာဘက် နှာခေါင်းပေါက်၊ လက်ဝဲဘက် နှာခေါင်းပေါက်၊ လက်ယာဘက် ပခုံး၊ လက်ဝဲဘက် ပခုံး၊ လက်ယာဘက် လက်ရုံး၊ လက်ဝဲဘက် လက်ရုံး၊ လက်ယာဘက် နံပါး၊ လက်ဝဲဘက် နံပါး၊ လက်ယာ ခြေတော်၊ လက်ဝဲ ခြေတော် စသည်တို့မှလည်း ရေအလျဉ်နှင့် မီးလျှံ အပြန်အလှန် ထွက်တော်မူခဲ့သည်။

ထို့ပြင် ကိုယ်ခန္ဓာတော်မှလည်း ရောင်ခြည်တော် ခြောက်သွယ်ဖြစ်သော အညိုရောင်၊ ရွှေရောင်၊ အနီရောင်၊ အဖြူရောင်၊ ညိုမောင်းသောအရောင်၊ ပြိုးပြိုးပြက်သော အရောင်တော်များ ထွက်ပေါ်ခဲ့သည်။

ရှေးခေတ်အခါက ဝါဆိုလတွင် ကျင်းပခဲ့သော ပွဲတော်သည် ပဉ္စင်းခံ၊ ရှင်ပြုပွဲတော်ဖြစ်သည်။ ဗုဒ္ဓသာသနာတော်တွင် သာသနာ့ဝန်ထမ်း ရဟန်းတော်များ စဉ်ဆက်မပြတ်ရှိစေရန်နှင့် သာသနာတော် အဓွန့်ရှည်စွာ တည်တံ့ ထွန်းကားစေရန်ဖြစ်သည်။ ဘာသာယဉ်ကျေးမှုကို တတ်သိနားလည်စေရန်အတွက် ပဉ္စင်းအဖြစ်၊ ရှင်သာမဏေအဖြစ် တစ်ဝါ၊နှစ်ဝါ စသည့် သာသနာ့ဘောင်တွင် တည်ရှိစေရန်လည်း လိုအပ်၍ဖြစ်သည်။

ပုဂံခေတ်တွင် ဗုဒ္ဓသာသနာ အရှိန်အဟုန်ဖြင့် ထွန်းကားနေပြီ ဖြစ်သည်။

သက္ကရာဇ် ၅၇၅ခုနှစ်စွဲ ပုဂံမြို့ သင်လျင်အိုကပ်သင်ကျောက်စာ၌–

"သားပန်စင်းခံ၍ တရားဦးနာ သရော၊ ကျွန်နွားဥစ္စာပေး၏"

ဟူသောကျောက်စာကို တွေ့ရှိရသဖြင့် ပုဂံခေတ်တွင် ပဉ္စင်းခံ ရှင်ပြုပွဲတော် ကျင်းပနေပြီဟု ယူဆရပါသည်။

ကုန်းဘောင်ခေတ်ဦးတွင် ရေးသားခဲ့သော အင်ရုံရွာစားဝန်ကြီး သီရိဥဇနာ၏ လောကဗျူဟာကျမ်းတွင် ရှေးခေတ်မြန်မာဘုရင်များ ပဉ္စင်းခံ ရှင်ပြုပွဲ ကျင်းပခြင်းကို နောင်မျိုးဆက်သစ်လူငယ်များ သိရှိစေရန်အတွက် ရေးသားခဲ့ပါသည်။

သိမ်ကွဲတောနေ ပဉ္စင်းလောင်း၊ ရှင်လောင်းတို့ကို အမအစ ခန့်သသူတို့က ဆရာကျောင်းသို့ ဆောင်ယူ၍ အခါတော်တညီတည်း သိမ်ဝင်၍ ကမ္မဝါဆောင်ရသည်။ ပထမ ပဉ္စင်းလောင်းတော်မှစ၍ ရှင်လောင်းတော်တိုင်း အခါတော်အတိုင်း တစ်ပါးစီသိမ်ဝင်၍ ကမ္မဝါဆောင်ရသည်။

အတွင်းတော်က ကွမ်း၊ လက်ဖက်လှူရန် တစ်ပွဲစီ သိမ်ကအထွက်ကို လှူရသည်။ မင်းသား၊ မင်းမြေး၊ မှူးတော်၊ မတ်တော်တို့လည်း ဝတ်ကောင်း၊ နားတောင်းနှင့် ရွှေစည်းခုံဘုရားရှင် ဇရပ်တွင်မှူးနေ၊ မတ်နေထဲ၌ တက်၍ နေရာစဉ်အတိုင်းနေ၍ သဘင်တော်ခံရသည် စသည်ဖြင့် ရေးသားမှတ်တမ်း တင်ခဲ့သည်။

မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်းနှင့် ရပ်တည်နေခဲ့ရာမှ ၁၈၈၅ခုနှစ်တွင် ထီးသုဉ်း၊ နန်းသုဉ်းအဖြစ် ရောက်ရှိပြီး ကိုလိုနီကျွန်သပေါက်ဘဝ ရောက်ရှိခဲ့ရသည်။ ကိုလိုနီကျွန် ထမ်းပိုးအောက်ဝယ် မလူးသာမလွန့်သာ ရောက်ရှိခဲ့ရသည့်အတွက် အစဉ်အလာကျင်းပခဲ့သော ဝါဆိုလ ပဉ္စင်းခံ ရှင်ပြုပွဲသည်လည်း ကွယ်ပျောက်ခဲ့ရသည်။

ဝါဆိုလတွင် ကျင်းပသော အခြားပွဲတော်တစ်ခုမှာ ရဟန်းတော်များနှင့်ဆိုင်သော ဝါဆိုဝါကပ်ပွဲဖြစ်သည်။

ဝါဆိုလပြည့်ကျော် ၁ ရက်နေ့ရောက်သောအခါ ကျောင်းရှိသံဃာတော်များသည် ကျောင်းအတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း၊ သောက်ရေအိုးများ ရေဖြည့်ခြင်း ပြုလုပ်ကြသည်။ ညနေပိုင်း သို့မဟုတ် ညပိုင်းသို့ရောက်ရှိသော အခါ ဝါဆို ဝါကပ်ခြင်း ပြုကြသည်။

"ဣမသ္မိံ ဝိဟာရေ ဣမံ တေမာသံ ဝဿံ ဥပေမိ"

(ဘုရားတပည့်တော်သည် ဤကျောင်း၌ ဤဝါတွင်းသုံးလပတ်လုံး ဝါကပ်ပါ၏၊ ဝါဆိုပါ၏) ဟု ဝါဆိုဝါကပ်ခြင်း ပြုကြသည်။

ဝါကပ်ခြင်း နှစ်မျိုးရှိပါသည်။ ဝါဆိုလပြည့်ကျော် ၁ရက်နေ့တွင် ဝါကပ်ခြင်းကို ပုရိမဝါကပ်ခြင်းခေါ်၍ သုံးလပြည့်မြောက်သော သီတင်းကျွတ်လပြည့်နေ့တွင် ဝါကျွတ်သည်။ အကြောင်းမညီညွတ်၍ ဝါခေါင်လပြည့်ကျော် ၁ရက်နေ့တွင် ဝါကပ်ခြင်းကို ပစ္ဆိမဝါကပ်ခြင်းခေါ်၍ တန်ဆောင်မုန်းလပြည့်နေ့တွင် ဝါကျွတ်ပါသည်။

ရှေးခေတ်အခါက မင်းနေပြည်တော်များသည် အထက်အညာဒေသများတွင် တည်ရှိခဲ့သည်။ ဘာသာယဉ်ကျေးမှုနှင့် လူမှုစီးပွားရေးသည် မင်းနေပြည်တော်များကို ဗဟိုပြု၍ ထွန်းကားလေ့ရှိသည်။ အထက်အညာဒေသသည် မိုးနည်းပါးသောဒေသဖြစ်ရာ အချို့ဒေသများတွင် နွားလှည်းမောင်းနှင် အသုံးပြုနိုင်သည်။

အောက်ပါသီချင်းပဒေသာသည် ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်ရာ ဝါဆိုပွဲမြင်ကွင်းဖြစ်ပါသည်–

"အမေဆိုဆဲ၊ ဝါဆိုပွဲ၊ လှည်းကလေးနဲ့သွားရအောင်၊ ကုက္ကိုပင် မြန်မြန်ခုတ် လှည်းလုပ်ရအောင်၊ လှည်းလုပ်လျှင်ကြာပါလိမ့်၊ မဘုတ်ဆုံ တင်ပါးဆုံကြီးကို လှည်းလုပ်လို့စီး" ဖြစ်ပါသည်။

ရှေးခေတ်အခါက ဘိုးဘွားမိဘများ၊ အစ်ကိုကြီး၊အစ်မကြီးများသည် မြေး၊ သား၊ ညီငယ်၊ မောင်ငယ်များကို ရှင်သာမဏေအဖြစ် မြင်တွေ့လိုကြသည်။ သာသနာ့ဘောင်တွင် ပျော်ပိုက်စေလိုကြသည်ကို တွေ့မြင်ရပါသည်။ အောက်ပါသီချင်းပဒေသာများက ခေတ်တစ်ခေတ်၏ ဘာသာယဉ်ကျေးမှု ကြေးမုံပြင်ကို ဖော်ပြနေပါသည်–

"ပျိုလေးတို့အိမ်ဦး၊ ဆပ်သွားဖူးတစ်ရုံနှစ်ရုံ၊ ကျေးတွေကအုံ၊ မအုံပါနဲ့ ကိုရွှေကျေး၊ ပျိုတို့မောင်ရှင်လိင်ပြန်တော့ နားပန်ဖို့လေး"

"ပျိုလေးတို့အိမ်အောက်၊ ခွေးမြီးကောက် တစ်ကောင်နှစ်ကောင်၊ ဆီးတဲ့လို့ဟောင်၊ မဟောင်ပါနဲ့ ကိုရွှေခွေး၊ ပျိုတို့မောင် လိင်ပြန်စကို ဆီးကြိုပါ့လေး" ဟု ဖြစ်သည်။

မြန်မာတို့သည် ဝါတွင်းသုံးလကို အလေးအမြတ်ပြုကြသည်။ ထူးမြတ်သော ကာလအဖြစ် သတ်မှတ်ကြသည်။ ဝါတွင်းသုံးလပတ်လုံး ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ ဝါတွင်းသုံးလတွင် ကျရောက်သော ဥပုသ်နေ့တိုင်း သီတင်း သီလဆောက်တည်ခြင်းပြုကြသည်။ ရှေးအခါက ဝါတွင်းကာလတွင် ငါးပါးသီလ၊ ရှစ်ပါးသီလ ဆောက်တည်စေခြင်း၊ တရားဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းစေခြင်းတို့အတွက် တိုက်တွန်းနှိုးဆော်ခဲ့သည်ကို တွေ့ရှိရသည်။

အင်ရုံရွာစား ဝန်ကြီးသီရိဥဇနာ ရေးသားခဲ့သော လောကဗျူဟာ ကျမ်းတွင်–

"ပြည်သူပြည်သားတို့ ယခုဝါဆိုလသို့ရောက်ပြီ၊ ပါဏာတိပါတာ၊ သူ၏အသက်ကိုသတ်ခြင်း၊ အဒိန္နာဒါနာ သူမပေးသောဥစ္စာကို ခိုးယူခြင်း၊ ကာမေသုမိစ္ဆာ သူ့မယားကိုပြစ်မှားခြင်း၊ မုသာဝါဒါ မဟုတ်မမှန်သော စကားကိုဆိုခြင်း၊ သူရာမေရယ သေရည်သေရက် သောက်ခြင်းတို့ကို ရှောင်ကြဉ်၍ ပဉ္စသီ၊ အဋ္ဌသီ၊ ဒသသီတို့ကို ဆောက်တည်ရမည်၊ အလှူပေးခြင်း၊ သီလသီတင်း ဆောက်တည်ခြင်း၊ ဘာဝနာစီးဖြန်းခြင်းကိုလည်း သဒ္ဓါစေတနာ စိတ်ရှိသမျှကို လှူဒါန်းဆောက်တည်ကြကုန်" ဟု ရေးသားထားသည်ကို တွေ့ရပါသည်။

ဤတွင် ငယ်စဉ်က ရွတ်ဆိုခဲ့သော ဝါတွင်းအချိန်ကာလ ယဉ်ကျေးမှုမြင်ကွင်းကို သရုပ်ဖော်သည့် ဥပုသ်စောင့်ကဗျာလေးကို အမှတ်ရမိပါသည်။ ဘိုးဘိုးက ငှက်ပျောခိုင်ထမ်းကာ ဘွားဘွားက ဆွမ်းအုပ်နီနီရွက်၍ ရွာဦးကျောင်းတော်ဆီသို့ ဥပုသ်စောင့်ရန် သွားကြပုံကို မြင်ယောင်စေပါသည်။

"ဆွမ်းအုပ်နီနီ အမေရွက်လို့ နက်ဖြန်မနက် ကျောင်းတက်မယ်၊ မောင်လဲလိုက်မယ် ချန်မထားနဲ့ အမေသွားတော့ ပျင်းလှတယ်၊ ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တော့ ဘုန်းကြီးအော်လို့ ရိုက်လိမ့်မယ်။ မောင်မဆော့ပေါင် စိပ်ပုတီးနဲ့ ဘုန်းတော်ကြီးလို နေပါ့မယ်၊ လိုက်မယ်၊ လိုက်မယ်" ဖြစ်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၄၀ခန့်က ရေးသားခဲ့သည်ဟု ယူဆရသော ဝါဆိုလေပြည်သည် ဝါဆိုပွဲတော်မြင်ကွင်းကို ပုံဖော်ရေးဖွဲ့ထားသည်။ ထိုလေပြည်အရ မြင်တွေ့ရသော ဝါဆိုပွဲအခမ်းအနားသည် ပျော်စရာအတိ ဖြစ်ပါသည်။

"စိန်ရွှေမွမ်းမံ ကညာပျိုအလှငယ်တို့၊ အိမ်ခြေဝန်းရံ ရာဇဂြိုဟ်တမျှကဲ့သို့ ဝါဆိုလထုံး မပျက်စမ်းသာပါ့၊ ပုန်းညက်ပန်းဘုရားလှူချိန်မို့ နှစ်ပါးအတူ စကြိုတ်ပွဲပါလို့ ပန်းဖွားအဖြူ ပယင်းတစ်ဖန်ဆွဲတဲ့ ပဉ္စင်းခံပွဲ။ သိမ်ရွှေကမ္မဝါနှင့် တီးမှုတ်ဝဋ္ဌာအထက် ဗြဟ္မာသိကြားငယ်တို့ စိန္တေယျာ မွှက်ကာကြားစဉ်က ဓမ္မစကြာတရားဗုဒ္ဓဖြန့်ခဲ့၍ ပြုဗ္ဗာသာဠ် အခြေကောင်းပါဘိ နေမစောင်းတစောင်း မြန်မာပြည်အဝန်းက အသရေ ကောင်းသည် ဗြဟ္မာပြည်အဝန်းက ဂဏာစည်ယွန်းသံထင့်နာခံစမ်း" ဖြစ်သည်။

ဝါဆိုလသည် ဘာသာယဉ်ကျေးမှုကို ဖော်ညွှန်းနေသော လဖြစ်သည်။ ဘာသာယဉ်ကျေးမှုသည် လူ့အဖွဲ့အစည်းကို ပြုပြင်ထိန်းသိမ်း၍ သာယာဝပြော စည်ပင်စေသည်သာမက ငြိမ်းအေးချမ်းသာသော လူ့ဘောင် အဖြစ်သို့ ရောက်ရှိစေပါသည်။ ဘာသာယဉ်ကျေးမှု ထာဝရ ရှင်သန်လန်းဆန်း ဖွံ့ဖြိုးတိုးတက်နေစေရန် ကြိုးပမ်းကြရပါမည်။ ။

ဖျာပုံမြို့နေ ကျေးဇူးရှင်အဒေါ် ဒေါ်အေးကြည်(၈၂)နှစ်နှင့် ဖခင်ကြီး–ဆရာဦးညို ၈၇နှစ်တို့အားရည်စူး၍ ဦးစိုးနိုင်အောင်နှင့် ညီ၊ ညီမများက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ၃၃၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။

(က–ပ)

ဓမ္မဂုဏ်ရောင် ဆရာတော်၏ ဝါတွင်းတရားပွဲများ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကာယရပ်ကွက် ဓမ္မဂုဏ်ရောင်ရိပ်သာ စာသင်တိုက်ဦးစီး ပဓာန နာယက၊ မဟာစည် အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဆရာတော် အရှင်တေဇိန္ဒ [M.A ဗာရာဏသီ၊ BHU, Dip in B.Dh, Dip in English (SIBA), သာသန ဓဇဓမ္မာစရိယ၊ သာသနပါလဓမ္မာစရိယ]သည် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်းဥပုသ်နေ့တိုင်း မွန်းလွဲ ၂နာရီတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် ဓမ္မသီဂီတန်ဆောင်း၌လည်းကောင်း၊တော်သလင်းလဆန်း ၈ရက် ညနေ ၆ နာရီတွင် ဆုတောင်းပြည့် နန္ဒဝန်စေတီတော် မဟာစည်ဓမ္မသဘင်၌လည်းကောင်း၊ သီတင်းကျွတ်လဆန်း ၇ ရက် ည ၇နာရီ တွင် မင်္ဂလာဈေး ဈေးသူ၊ ဈေးသားများ ကျင်းပသော မင်္ဂလာဈေးဓမ္မာရုံတော်ကြီး ကြားတောရလမ်း၊ ဗဟန်းမြို့နယ် ဓမ္မသဘင်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားတော်မူမည်ဖြစ်သည်။တရားပွဲပင့်လျှောက်လိုသူများသည် ဆရာတော် ဖုန်း ၀၉–၉၉–၂၆၄၆၃သို့ ဆက်သွယ်နိုင်ကြကြောင်းသိရသည်။ (က–ပ)

အမျိုးသားညီလာခံကြီး သေးသိမ်စေရန်၊ ပျက်ပြားစေရန် အဆိုးမြင်ဝါဒီများ၊ အဖျက်သမားများက ကြိုးပမ်းနေ တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းတာဝန်များ အောင်အောင်မြင်မြင်ပြီးမြောက်ရန် လုံ့လဝီရိယထားဆောင်ရွက်

☆ ရှေ့ဖုံးမှ

အဆိုပါ အစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် နောက်ဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည့် အမျိုးသားညီလာခံကို ၂၀၀၇ခုနှစ် ဇူလိုင် ၁၈ရက်မှ စတင်ခဲ့ရာ ယခုအခါ ရက်သတ္တတစ်ပတ်ကျော်ကာလအတွင်းသို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်းတွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် ကိုယ်စားလှယ်အစုအဖွဲ့(၈)ဖွဲ့တို့က အကြံပြုတင်ပြချက်စာတမ်း ၁၈ စောင်ကို ရေးသားပြုစု၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများတွင် ဖတ်ကြားတင်ပြခဲ့ကြပြီးဖြစ်ကြောင်း။

ယခုပြန်လည်ကျင်းပသည့် အမျိုးသားညီလာခံ၌ အဆိုပါကိုယ်စားလှယ်အစုအဖွဲ့များ၏ အကြံပြုချက်စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလုပ်ညှိကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းတင်ပြချက်များကို ၂၀-၇-၂၀၀၇ရက်နှင့် ၂၃-၇-၂၀၀၇ရက်တို့တွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများသို့ ဖတ်ကြားတင်ပြခဲ့ကြောင်း။

အထက်တွင် မိမိပြောကြားခဲ့သည့် အခန်းခေါင်းစဉ်များအပေါ် **အမျိုးသားညီလာခံ ကိုယ်စားလှယ်အစုအဖွဲ့များက အကြံပြုဆွေးနွေးတင်ပြခဲ့ကြရာ၌ အချို့အကြံပြုတင်ပြချက်များသည် အမျိုးသားညီလာခံ၏ ဦးတည်ချက်(၆)ရပ်နှင့် ချမှတ်ပြီးသည့် အခြေခံရမည့်မူများအတွင်းက တင်ပြခဲ့ကြသော အကြံပြုတင်ပြချက်များဖြစ်ပြီး ကောင်းမွန်သင့်လျော်၍ အလေးအနက်ထား စဉ်းစားသင့်သည့် အကြံပြုချက်များဖြစ်ကြောင်းကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တွေ့ရှိခဲ့ရကြောင်း။**

အဆိုပါ အကြံပြုချက်များကို သက်ဆိုင်ရာအခန်းများတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ထည့်သွင်းချမှတ်နိုင်ရန် ကိုယ်စားလှယ်အစုအဖွဲ့များအားလုံး၏ သဘောထားကို ရယူရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းအကြံပြုချက်များနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက အမျိုးသားညီလာခံ သဘာပတိအဖွဲ့များမှတစ်ဆင့် ကိုယ်စားလှယ်အစုအဖွဲ့များ၏ သဘောထားကိုရယူရန် ရှိမည်ဖြစ်ကြောင်း။

ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက ယင်းတို့၏ သဘောထားကို သဘာပတိအဖွဲ့များမှတစ်ဆင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့ ပြန်လည်တင်ပြသည့်အခါ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီအနေဖြင့် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်သို့ တင်ပြဆောင်ရွက်သွားရန်ရှိကြောင်း။

ယခု နောက်ဆုံးကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံ၌ အခြားဆောင်ရွက်ရန် လုပ်ငန်းများကိုလည်း အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ၊ သဘာပတိအဖွဲ့ဝင်များနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံးက အောင်အောင်မြင်မြင်ပြီးမြောက်အောင်ဆောင်ရွက်ရန် တာဝန်ကိုယ်စီရှိနေကြကြောင်း၊ သို့ဖြစ်ရာ အဆိုပါ ပုဂ္ဂိုလ်များအနေဖြင့် မိမိတို့၏တာဝန်များကို အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် အထူးလိုအပ်ကြောင်း။

ယခုကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးကို သေးသိမ်စေရန်၊ ပျက်ပြားစေရန်အတွက် ပြည်တွင်း၊ ပြည်ပအဆိုးမြင်ဝါဒီများ၊ အဖျက်သမားများက လုပ်ဆောင်ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရှိနေရကြောင်း၊ သို့ရာတွင် အဖျက်သမားများမှာ လူနည်းစုသာဖြစ်ပြီး ပြည်သူပြည်သားအားလုံးတို့ကမူ ညီလာခံကြီး အောင်မြင်စွာပြီးစီး၍ ညီလာခံကချမှတ်သည့် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ရေးသားပြုစုသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာရေးကို အထူးမျှော်လင့် လိုလားတောင့်တကြလျက်ရှိကြောင်း။

ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် ပြီးမြောက်စေရေးအတွက် လုံ့လဝီရိယထား၍ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းနှင့် အမျိုးသားညီလာခံကြီး ကျင်းပနေစဉ်အတွင်း အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ နေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေး၊ ကျန်းမာရေး၊ ပျော်ရွှင်ရေး၊ လုံခြုံရေးစသည့် ကိစ္စအဝဝတို့ကို အစွမ်းကုန်ကြိုးစား ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် မှတ်တမ်းမှတ်ရာများ ပြုစုရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အမျိုးသားညီလာခံသမိုင်းပြုစုရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုယ်စားလှယ်များ၏ အုပ်ချုပ်မှုကိစ္စများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့် အမျိုးသားညီလာခံကို ဂုဏ်ပြုကြိုဆိုသည့်အနေဖြင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များနှင့် ပြင်ပအလှူရှင်များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကျင်းပမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ပြီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ကိုယ်စားလှယ်အစုအဖွဲ့များက တင်သွင်းခဲ့သည့် အခန်းခေါင်းစဉ်(၇)ခုနှင့် စပ်လျဉ်းသည့် ဆွေးနွေးချက်စာတမ်းများပါ အကြံပြုချက်များတွင် ကိုယ်စားလှယ် အစုအဖွဲ့အလိုက်သော်လည်းကောင်း၊ ကိုယ်စားလှယ်များကသော်လည်းကောင်း တင်ပြသည့် အကြံပြုချက်များ အနက် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များပါရှိရာ ယင်းအကြံပြုချက်များနှင့်ပတ်သက်၍ သဘာပတိအဖွဲ့များကတစ်ဆင့် ကိုယ်စားလှယ်အစုအဖွဲ့အားလုံး၏ သဘောထား ရယူရေးအတွက် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည့် ညီလာခံကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး၊ ကျွေးမွေးဧည့်ခံရေး၊ သက်သာချောင်ချိရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေးစသည်တို့ကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အမျိုးသားညီလာခံကြီးကို အောင်မြင်ချောမောစွာ ကျင်းပပြီးစီးရေးအတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုတင်ပြကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်သူပြည်သားအားလုံးတို့က ညီလာခံကြီး အောင်မြင်စွာ ပြီးစီး၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ထွန်းလာရေးကို အထူးမျှော်လင့် လိုလားတောင့်တကြလျက်ရှိ။

▲ ကျောဖုံးမှ

ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရွာသစ်ချောင်းကျုံးကြီး ရေနုတ်မြောင်းအား မြစ်အတွင်း ရေစီးဝင်ရာတွင် အဟန့်အတား မဖြစ်စေရေး၊ရေစီးရေလာကောင်းမွန်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများက မြောင်းအတွင်းရှိ အမှိုက်သရိုက်နှင့် နုန်းများ တူးဖော်ဆယ်ယူ ဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးရာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် အင်ဂျင်နီယာဌာန (လမ်း/တံတား) ဌာနမှူး ဦးဗိုလ်ဌေးတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် အလုံမြို့နယ် သီရိမင်္ဂလာဈေးအနီးရှိ ကွင်းကျောင်းချောင်း ရေနုတ်မြောင်းအတွင်း စည်ပင်ဝန်ထမ်းများက အမှိုက်သရိုက်နှင့် နုန်းများ တူးဖော်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြသည်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရေနုတ်မြောင်းများအတွင်း အမှိုက်များ စွန့်ပစ်သည်များကို စစ်ဆေးကြပ်မတ်ပြီး လိုအပ်သလို အရေးယူ ဆောင်ရွက်ရေးအတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကမာရွတ်မြို့နယ်နှင့် လှိုင်မြို့နယ်ကြား ဘုရင့်နောင်လမ်းရှိ ရွာမချောင်း ရေနုတ်မြောင်းသို့ ရောက်ရှိကြပြီး စည်ပင်ဝန်ထမ်းများက ရေနုတ်မြောင်းအတွင်း အမှိုက်သရိုက်နှင့် နုန်းများ တူးဖော်ဆယ်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ်နှင့် လှိုင်မြို့နယ် အကြား ဘုရင့်နောင်လမ်းရှိ သမိုင်းချောင်းရေနုတ်မြောင်းသို့ ရောက်ရှိပြီး စည်ပင်ဝန်ထမ်းများက ရေနုတ်မြောင်းအတွင်းရှိ အမှိုက်သရိုက်နှင့် နုန်းများ တူးဖော်ဆယ်ယူနေမှုနှင့် ရေနုတ်မြောင်းပေါ်ရှိ ဘုရင့်နောင်လမ်း ကျိုးပေါက်နေမှုအား စည်ပင်ဝန်ထမ်းများက ပြုပြင်နေသည်များကို ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာဌာန (လမ်း/တံတား)ဌာနမှူး ဦးဗိုလ်ဌေးနှင့် ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းတို့က ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ယခုမြစ်ထွက်ပေါက် ရေနုတ်မြောင်းများမှာမြို့နယ်အသီးသီးရှိ ရပ်ကွက်များမှ စီးဆင်းသည့်ရေများကို မြစ်အတွင်းသို့ ယင်းရေနုတ်မြောင်းများမှတစ်ဆင့် ထုတ်နုတ်ပေးရသည့်အတွက် အရေးကြီးကြောင်း၊ ယင်းရေနုတ်မြောင်းများ ပိတ်ဆို့ပါက မြို့နယ်အသီးသီးရှိ ရပ်ကွက်များတွင် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် ယင်းရေနုတ်မြောင်းများ မပိတ်ဆို့စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က စစ်ဆေးကြပ်မတ်သွားကြရမည်ဖြစ်ကြောင်း၊ ရေနုတ်မြောင်းများကို ကွန်ကရစ်ရေနုတ်မြောင်းများအဖြစ် အဆင့်မြှင့်ဆောင်ရွက်ရန်လိုကြောင်း၊ ရေနုတ်မြောင်းများ မပိတ်ဆို့စေရေးအတွက် ရေနုတ်မြောင်းများအတွင်း အမှိုက်စွန့်ပစ်နေသူများအား စစ်ဆေးဖော်ထုတ်ပြီး လိုအပ်သလို အရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၅

အုတ်ဖိုမြို့နယ်အသင်း(ရန်ကုန်)မှကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်၊ ဩဂုတ် ၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အမှတ်(၅၅)(အယ်လ်) ရန်ကုန်-အင်းစိန်လမ်းမကြီး (၁၃)ရပ်ကွက် လှိုင်မြို့နယ်ရှိ အသင်းတိုက်၌ ကျင်းပမည်ဖြစ်၍ အုတ်ဖိုမြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါနှင့် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းလှူဒါန်းလိုသူများသည် ဦးသန်းထွေး ဖုန်း-၆၅၀၁၉၇၊ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဦးခင်မောင်ဇော် ဖုန်း-၆၆၂၅၀၇၊ ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စင်ကာပူ ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၅)ရပ်ကွက် စင်ကာပူကျောင်း ပရိယတ္တိစာသင်တိုက်၌ ဝါကပ်တော်မူကြမည့် နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဝိသုဒ္ဓ မဟာထေရ်မြတ်နှင့် နာယကဆရာတော်များ၊ စာချ/ စာသင် သံဃာတော်အပါး ၉၀တို့အား အထက်/အောက်ပုဇွန်တောင်ရပ်ကွက် အသီးသီးမှ ကျောင်းဒါယကာ၊ ဒါယိကာမ၊ ဆွမ်းဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်းများကို ၁၃၆၉ခုနှစ်၊ ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့) ဇူလိုင် ၂၉ရက် တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ဆက်ကပ်လှူဒါန်းကြမည်ဖြစ်ပါ၍ ပါဝင်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိသည်။ (က-ပ)

❒ ကျောဖုံးမှ

ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များမှ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီးဝင်းနောင်က ဆောင်ရွက်သည်။

ရှေးဦးစွာ အလှူရှင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဇနီး ဒေါက်တာဒေါ်တင်လင်းမြင့် မိသားစုကိုယ်စား သား ကိုအောင်ဇော်ရဲမြင့်နှင့် ဇနီး ဒေါ်အေးမြအောင်တို့က ငွေကျပ်နှစ်သိန်း၊ အမျိုးသားကြီးပွားတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးစိုးထွန်းရှိန်က ငွေကျပ် ၆၄၃၅၀၀၀ တန်ဖိုးရှိ ကျားဆောင်းထီး ၁၁၀၀နှင့် မဆောင်းထီး ၇၀ စုစုပေါင်း ၁၁၇၀ လက်၊ အမျိုးသားညီလာခံကိုယ်စားလှယ် အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးဘိုသိန်း(ရှမ်း/အရှေ့)က ငွေကျပ် ၂၈၂၇၅၀၀ တန်ဖိုးရှိ အမျိုးသားညီလာခံ ညောင်နှစ်ပင်စခန်း မြင်ကွင်းအဖုံးပုံနှင့် ရှုခင်းစုံစာအုပ် ၁၁၃၁အုပ်၊ ဆရာဦးစံတင်အောင်(ရွှေဘို) အောင်မြေစာပေတိုက်က ငွေကျပ် ၂၁၀၀၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၁၂၀၀ နှင့် တစ်အိတ်လျှင် ကျပ် ၂၅၀ နှုန်းဖြင့် ကတ်ထူလက်ဆွဲအိတ် ၁၃၀၀၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ် ၁၅သိန်း၊ ယုဇနကုမ္ပဏီလီမိတက်က ငွေကျပ် ၁၁၅၀၀၀၀ တန်ဖိုးရှိ ဟင်းသီးဟင်းရွက်ဆီ ပိဿာ ၄၀၀၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ဦးကျော်ဝင်း(ရွှေသံလွင်ဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်)၊ ဦးတင့်စန်း(ACE ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)နှင့် ဒေါက်တာခင်ရွှေ(ဇေကမ္ဘာကုမ္ပဏီ လီမိတက်)တို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးသိန်းဟန် ဦးအောင်မြင့် (မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း)က ငွေကျပ် ၈၆၀၀၀၀ တန်ဖိုးရှိ မြေပဲဆီပိဿာ ၂၂၀၊ တနင်္သာရီတိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် နဘုလယ်ဒေသမှ အမျိုးသားညီလာခံ တောင်သူလယ်သမားကိုယ်စားလှယ် ဦးမောင်လွင် ဦးဆောင်သော ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် လဲရောင်ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ငွေကျပ် ရှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

ထို့နောက် ဦးအောင်သန်းဦး(မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း)က ငွေကျပ် ၇၈၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေးအိတ် ၃၀၊ ဦးစိုးမောင်(မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း)က ငွေကျပ် ၇၈၀၀၀၀ တန်ဖိုးရှိ ပေါ်ဆန်းမွှေး အိတ် ၃၀၊ မြန်မာမျက်မှန်ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုးပိုင်က ငွေကျပ် ၇၆၂၀၀၀ တန်ဖိုးရှိ အမျိုးသားညီလာခံ ပြည်ထောင်စုခန်းမကြီးပုံပါ မှတ်စုစာအုပ် ၁၂၀၀ နှင့် သော့တွဲ ၁၂၀၀၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက အမျိုးသားညီလာခံ၌ ဇူလိုင်လအတွင်း ပြသခဲ့သော ရုပ်ရှင်ကားပေါင်း ၁၆ ကားအတွက် အလှူငွေကျပ် ခုနစ်သိန်း၊ သမားတော်ကြီး ဦးလှဋ္ဌေး–သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်နွယ်ဦး(မှန်ချိုဆေးတိုက်)က ငွေကျပ် ၆၇၅၀၀၀ တန်ဖိုးရှိ မှန်ချို ချောင်းဆိုးပျောက်ဆေးပုလင်း ၄၈၀၀၊ အာရှကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက် အထွေထွေမန်နေဂျာ ဦးသန်းလွင်က ငွေကျပ် ၅၄၀၀၀၀ တန်ဖိုးရှိ ငါးမြစ်ချင်းအသားလွှာ ပိဿာ ၁၂၀၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်းမှ အသင်းဝင်များဖြစ်ကြသော မန္တလေးတိုင်းအသင်းခွဲ၊ ဧရာဝတီတိုင်းအသင်းခွဲနှင့် ရခိုင်ပြည်နယ် ဆန်စပါးကုမ္ပဏီလီမိတက်တို့က ငွေကျပ် ၅၂၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၂၀ စီ၊ မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်း၊ ဦးသန်းလွင်(မြန်မာနိုင်ငံ ငါးမွေးမြူရေး လုပ်ငန်းရှင်များအသင်း)၊ မြန်မာနိုင်ငံ ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်း ထုတ်လုပ်သူများနှင့် တင်ပို့ရောင်းချသူများအသင်း၊ ဒေါက်တာဇော်ထွန်း(ယူနီဗာဆယ် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးမောင်မောင်(Asia Express Co.,Ltd)၊ ဦးစိန်သစ်(Tosta Group ဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်)၊ ဦးရန်ဝင်း(အေဝမ်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးမောင်မောင်(ရွှေကမ္ဘာ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဗိုလ်ကြီးဝင်းသိန်း(ငြိမ်း)–အေဝမ်းဒေါ်တင်တင်လှ (ဖွံ့ဖြိုးအောင် ကုမ္ပဏီလီမိတက်)၊ ဦးမောင်ဝိတ်(မောင်ဝိတ်မိသားစုကုမ္ပဏီ)၊ ဦးအောင်ဇော်ဝင်း(ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီ)၊ မြန်မာနိုင်ငံ ပဲ၊ နှမ်း လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါး စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ လယ်ယာကိုင်းကျွန်း သီးနှံစိုက်ပျိုးထုတ်လုပ် တင်ပို့သူများအသင်း၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း၊ ဒိုင်းမွန်းစတားကုမ္ပဏီလီမိတက်၊ ဦးထွန်းထွန်း(သိရောမဏိကျောက်မျက်ကုမ္ပဏီလီမိတက်)၊ ဒေါ်ရှုဒေါင်ခေါင်တောင်(ဒါရိုက်တာ)(Jade Land Myanmar Co.,Ltd.)၊ ဒေါ်အက်စ်ခေါင်နန်း(ဥက္ကဋ္ဌ၊ May & Mark Jade Co.,Ltd.)၊ ဦးအောင်သန်း–ဒေါ်ခင်သန်းဦး(ကံပွင့်အမွှေးတိုင် မိသားစု)၊ ဦးဇော်ဝင်း(အရဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးသက်နိုင်ဦး(Naing Group နှင့် ချယ်ရီဦးနာရီ ကုမ္ပဏီလီမိတက်)၊ ဦးကိုကိုထွေး(တော်ဝင်မိသားစုဆောက်လုပ်ရေး)၊ ဦးအောင်ထွေး (Golden Flower Co.,Ltd.)၊ မြန်မာနိုင်ငံ ဥယျာဉ်ခြံမြေစိုက်ပျိုးထုတ်လုပ်သူများအသင်း ဥက္ကဋ္ဌ ဒေါက်တာတင်စိုးလင်းနှင့် ဦးရွှေကြိုင်(ဝါဝါဝင်းကုမ္ပဏီ)တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးချစ်ခိုင်(အေးသာယာဂေါက်ကွင်း)က ငွေကျပ် လေးသိန်း၊ အဏ္ဏဝါ ရေလုပ်ငန်းဦးပိုင်လီမိတက်မှ ငွေကျပ်လေးသိန်းတန်ဖိုးရှိ ငါးပိဿာချိန် ၂၀၀၊ ပထမဆန်သားရောင်းဝယ်ရေးကုမ္ပဏီ၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်းမှ အသင်းဝင်များဖြစ်ကြသော ပဲခူးတိုင်း(အရှေ့ပိုင်း)အသင်းခွဲ၊ ပဲခူးတိုင်း(အနောက်ပိုင်း)အသင်းခွဲ၊ စစ်ကိုင်းတိုင်းအသင်းခွဲ၊ မွန်ပြည်နယ်အသင်းခွဲနှင့် မကွေးတိုင်းအသင်းခွဲတို့က ငွေကျပ် ၃၉၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၅အိတ်စီ၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံ ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးပြုံးက ငွေကျပ် ၃၃၆၀၀၀ တန်ဖိုးရှိ ကြက်သွန်နီပိဿာ ၇၀၀၊ ဦးညိုမင်း(မင်းဇာမဏိကုမ္ပဏီလီမိတက်)၊ ကိုအောင်ဇော်ရဲမြင့်–မအေးမြအောင်(ရဲတံခွန်ကုမ္ပဏီ)၊ ဦးအောင်ဇော်မြင့်–ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဒေါက်တာစိန်မြင့်(ဆူပရင်းကုမ္ပဏီ)၊ ဦးကျော်ကျော်ဦး (KY ကျော်ကျော်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးမြင့်ဇော်(ငပလီဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးရှိန်ဝင်း (တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း၊ ဦးရန်ဝင်း (Panorama)၊ ဦးသန်းရွှေ (Zagawah Palace)၊ ဦးဖိုးလစ် (Yangon City Hotel)၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဦးကျော်မင်း၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၊ ဦးမောင်လှ(ခ) ဦးလှမြင့်(နိုင်နိုင်အောင် ကုမ္ပဏီလီမိတက်နှင့် တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်)၊ မြန်မာနိုင်ငံ ရေချိုငါးဖမ်းလုပ်ကိုင်သူများအသင်းဥက္ကဋ္ဌ ဦးငြိမ်းမြိုင်၊ မြန်မာနိုင်ငံ ငါး၊ ပုစွန် အစာထုတ်လုပ်ရောင်းဝယ်သူများအသင်းဥက္ကဋ္ဌ ဦးအုန်းလွင်၊ မန္တလေးတိုင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်တို့က ငွေကျပ်သုံးသိန်းစီ၊ မြန်မာနိုင်ငံ ဆန်စပါး ကုန်သည်များအသင်း ကချင်ပြည်နယ်အသင်းခွဲနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အသင်းခွဲတို့က ငွေကျပ် ၂၆၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၀ အိတ်စီ၊ မြန်မာနိုင်ငံ အမျိုးသမီးစွမ်းဆောင်ရှင်များအသင်း၊ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ မွေးမြူရေး အစားအစာ ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံ ဆီအုန်းလုပ်ငန်းရှင်များအသင်း၊ ဦးသိန်းဟံ(တိုကျိုပိုက်ကုမ္ပဏီလီမိတက်)၊ ဦးမောင်မောင်ကြီး (မောင်မောင်ကြီး ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးကျော်ညွှန့် (ရွှေကျားပျံ ဆောက်လုပ်ရေးကုမ္ပဏီလိမိတက်)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ ဦးထွန်းမြင့်–ဒေါ်အေးအေးညွှန့် (KSS နတ်သုဒ္ဓါဒံပေါက်)နှင့် ဦးလှရွှေ(မအူကုန်း)သစ်လုပ်ငန်းတို့က ငွေကျပ်နှစ်သိန်းစီ၊ ဦးကျော်မြင့် (Father Land Construction and Kyaw Myint Group Trading Co., Ltd.)က ငွေကျပ် ၁၅၀၀၀၀၊ ဦးတင်မြင့် (Mother Land ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)၊ ဦးမြင့်အောင်(ဘကြီးမှို) (ST Group Company)၊ ဦးခင်အောင်ထွန်း (Tharabar Gate)၊ ဦးကျော်ထွန်း–ဒေါ်နွေးအေးအေးဝေ (Emerald Sea)၊ ဦးကိုကိုလေး–ဒေါ်ယဉ်ယဉ်ခိုင် (Emerald Land)၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း၊ ဦးအောင်ခမ်းထိ(GIC Hotai+Ruby Jade)၊ မြန်မာနိုင်ငံ အကောက်ခွန်လုပ်ငန်းများဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် မြန်မာရွှေလုပ်ငန်းရှင်များအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ ဦးသိန်းရွှေ (Liberty)၊ ဦးကြည်လင်း (Silver View) နှင့် ဦးကြည်သိန်းကို(ရွှေအင်းသား)တို့က ငွေကျပ် ငါးသောင်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက အသီးသီးလက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆက်လက်၍ စေတနာရှင် အလှူရှင်များကိုယ်စား အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးဝင်းမြင့်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌကိုယ်စား အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် အလှူရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယနေ့အခမ်းအနားတွင် အလှူရှင် ၁၀၄ ဦးတို့က ငွေကျပ် ၃၀၅၀၀၀၀၀ နှင့် ငွေကျပ် ၂၂၇၆၅၅၀၀ တန်ဖိုးရှိ ပစ္စည်းများ အပါအဝင် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၅၃၂၆၅၅၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသော အလှူရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

ပုသိမ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၂၅

ပုသိမ်အသင်း(ရန်ကုန်)၏ ပုသိမ်ခရိုင်အတွင်းမှ ရန်ကုန်မြို့တွင် သီတင်းသုံး ကျောင်းထိုင်တော်မူလျက် ဝါဆိုတော်မူကြသော သံဃာတော် ၂၇ ပါးတို့အား (၂၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဩဂုတ် ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၂၁/၄၃)စီ တည်ရှိရာ ဧရာဝတီတိုင်း ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာအသင်းဝင်များ၊ မြို့နယ်သူ၊မြို့နယ်သားများ တက်ရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားထားသည်။

ပါဝင်လှူဒါန်းလိုပါက ပုသိမ်အသင်း ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း–၀၉–၈၀ ၂၃၃၀၇၊ ဒုတိယဥက္ကဋ္ဌများ ဦးသန်းအောင်လင်း ဖုန်း–၀၉–၅၀၀၃၇၀၉၊ ဦးမြင့်နိုင် ဖုန်း–၀၉–၅၁ ၂၃၄၁၁၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း–၀၉–၅၀၀၆၁၂၈၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းဌေး ဖုန်း–၀၉–၈၀၂၀၅၀၄၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း–၂၂၁၉၇၈၊ တွဲဖက်ဘဏ္ဍာရေးမှူး ဦးသက်ဝင်း ဖုန်း–၀၉–၅၁၅၀၁၀၀၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း–၃၇၉၂၅၈ နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

တောင်ကြီးမြို့ပေါ် စာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဆဋ္ဌမအကြိမ် စုပေါင်းဝါဆိုသင်္ကန်း ကပ်မည်

တောင်ကြီး ဇူလိုင် ၂၄

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှကြီးမှူး၍ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင်ပြည်သူများ ပူးပေါင်းပါဝင်ပြီး တောင်ကြီးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းများသို့ ဆဋ္ဌမအကြိမ် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို လောကမာရဇိန်ဆုတောင်းပြည့် မြို့နယ်ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်သည်။ သင်္ကန်းလှူဒါန်းလိုသူများအနေဖြင့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း–၀၈၁–၂၁၅၇၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ရွှေနိုင်ငံဂျာနယ် အတွဲ(၆)၊ အမှတ်(၅) ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၅

ရွှေနိုင်ငံဂျာနယ်တွင် မော်ကျွန်းစိုးမြင့်၏ ကမ္ဘာကို စိန်ခေါ်ခြိမ်းခြောက်နေတဲ့ သဘာဝအန္တရာယ် ဘယ်လိုကာကွယ်မလဲ၊ မြင့်သူရ၏ စင်ကာပူ ခရီးသွားကိုယ်တွေ့၊ သိန်းမြလွင်၏ ကိုကိုးကျွန်းပြန်၊ ဝိုင်အမ်ဘီအေအဖွဲ့ရဲ့ ပီတိ၊ မြတ်ခိုင်၏ နိုင်ငံရေး၊ ဒေါက်တာခင်မောင်ညို၏ ကြိုးစားတယ်ဆိုတာ၊ ချစ်နိုင်(စိတ်ပညာ)၏ တိုးတက်ကြီးပွားချင်သလားရော့၊ ဒေါက်တာခင်မြင့်ဦး၏ ကျန်းမာသုတ ဆောင်းပါးများ ပါဝင်သည်။

ထို့အပြင် မလေးရှားအဖွဲ့ ရတနာပုံမြို့သစ်တွင် ရင်းနှီးမြှုပ်နှံရန် ဆွေးနွေး၊ ဂျီအက်စ်အမ် ရေဒီယိုစခန်း(၄၀) နိုင်ငံအနှံ့ ထပ်မံ တည်ဆောက်မည်၊ အထက်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်း အရှိန်မြှင့်၊ အင်ဒိုနီးရှားကျွန်းဆွယ် အဝေးပြေးလမ်းမကြီးနှစ်သွယ်၊ မဟာမဲခေါင်ဒေသခွဲ အာဆီယံငါးနိုင်ငံ ဝန်ဆောင်မှု လုပ်ငန်း၊ ပင်လယ်ပြင်နှင့် ကမ်းရိုးတန်းဒေသ ထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် အာရှတိုက်တွင် ရေအခက်အခဲကြုံတွေ့ဖွယ်ရှိ၊ အင်္ဂလန်တွင် ကားဖုံးခွဲသည်ဟု သံသယရှိသူ အခြားဆရာဝန်တစ်ဦးကိုဩစတြေးလျတွင် ဖမ်းမိ စသည့် ပြည် တွင်းပြည်ပ သတင်းများ၊ သတင်း ဓာတ်ပုံများ ဝေဝေဆာဆာ မြိုင်မြိုင်ဆိုင်ဆိုင် ပါရှိသည်။

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သော နေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုး စာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန် စာအုပ်ဆိုင်၊ မနီလာစာပေ၊ (၄၆) လမ်းမောင်မှု၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည် စာအုပ်ဆိုင်များဖြစ်ကြောင်းနှင့် စာမူများပေးရန်နှင့် ဆက်သွယ်ရန် လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ်(၂၂၈) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၂၀၇၀ တို့ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆–၇–၂၀၀၇ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၁၀ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅:၁၀ ၆။ နားဝင်ပီယံ သူ့လက်သံ
၅:၂၀ ၇။ **"သူနဲ့ပဲနေတော့မယ်" (ငှက်ပျောကြော်၊ ကြူကြူသင်း) (ဒါရိုက်တာ–ရွှေဦး–MRTV)**
၅:၂၅ ၈။ တေးဂီတအစီအစဉ်
၅:၃၅ ၉။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၅:၄၅ ၁၀။ အာဆီယံနိုင်ငံများအချင်းချင်း ပေါင်းစပ်ဆောင်ရွက်ခြင်း (အာဆီယံယဉ်ကျေးမှု၊ ပြန်ကြားရေး ကော်မတီနှင့်မြန်မာနိုင်ငံ)
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သီရိဂေဟာ
၇:၀၀ ၁၄။ Discovery.
၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဒုတိယအရွယ်၏ ချစ်မေတ္တာ" (အပိုင်း–၆)**
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာရုပ်ရှင် "ရွှေမှုန်ကြဲတဲ့ မိုးကောင်းကင်" (အပိုင်း–၁) (လူမင်း၊ ရာဇာနေဝင်း၊ သားညီ၊ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ၊ ကြည်လဲ့လဲ့ဦး၊ မြင့်မြင့်ခင်) (ဒါရိုက်တာ–နောင်ထွန်းလွင်၊ ညီညီထွန်းလွင်)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်းများ စစ်ဆေး

နေပြည်တော် ဇူလိုင် ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကို အပိုင်း(၃)ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိသည့်အနက်မှ မကွေးတိုင်း မင်းလှမြို့ရှိ သရက်-ပွင့်ဖြူ ရထားလမ်းပိုင်း စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရှေးဦးစွာ စီမံကိန်းအင်ဂျင်နီယာ ဦးသန်းငွေက ရထားလမ်းမြေကြီးလုပ်ငန်းဆောင်ရွက်နေမှုများ၊ စက်ယန္တရားများ ဖြန့်ခွဲထားရှိမှုများ၊ လမ်းပိုင်းတစ်လျှောက်ရှိ ချောင်းကူးတံတားလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘူတာများ တည်ဆောက်ရန် ရွေးချယ်ထားသော မြေနေရာများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် မကွေးတိုင်း မင်းလှမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြတ်ဟန်က ရထားလမ်း ဖောက်လုပ်ခြင်းနှင့် ဆက်စပ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးဖေသန်းက စီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များကို ဖြည့်စွက်တင်ပြရာ ဝန်ကြီးက စက်ယန္တရားများကို စက်စွမ်းအားပြည့် အသုံးပြုရေး၊ အပိုင်းလိုက် တာဝန်ခံများသတ်မှတ်ပြီး အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်ရေး၊ ရထားလမ်းဖောက်လုပ်ခြင်းနှင့်အတူ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ တစ်ပါတည်းဖောက်လုပ်သွားရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်း မင်းလှဘူတာရုံ တည်ဆောက်ရန် ရွေးချယ်ထားသော နေရာသို့သွားရောက် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြား ဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မင်းလှမြို့နယ် သံပုရာကန်ရှိ ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး မြေကြီးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် မင်းလှမြို့နယ်နှင့် မင်းဘူးမြို့နယ် ဆက်စပ်နယ်မြေရှိ ညောင်ပင်သာရွာအနီးမှ ဖြတ်သန်းဖောက်လုပ်လျက်ရှိသော ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ရောက်ရှိပြီး စက်ယန္တရားများဖြင့် ဖောက်လုပ်ထားသော လမ်းတစ်လျှောက်ကို မော်တော်ယာဉ်ဖြင့် လိုက်လံစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့သည် ဇူလိုင် ၂၂ ရက်တွင် မကွေးတိုင်း ဆိပ်ဖြူမြို့ရှိ ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းပိုင်း စီမံကိန်းလုပ်ငန်းခွင်သို့ သွားရောက်၍ မြေကြီးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော မြေသားတာပေါင်တစ်လျှောက် မော်တော်ယာဉ်များဖြင့် မြေကြီးလုပ်ငန်း စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုများနှင့် တံတားငယ်များ တည်ဆောက်မည့် နေရာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူမြို့သို့ ရောက်ရှိပြီး ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းပိုင်း မြေကြီးလုပ်ငန်းဆောင်ရွက်နေခြင်းကို ရထားလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှု စစ်ဆေးသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပခုက္ကူဘူတာ ဆောက်လုပ်မည့် မြေနေရာသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးရာ စီမံကိန်းအင်ဂျင်နီယာ ဦးမောင်မောင်သွင်က ဘူတာမြေနေရာလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းသည် ရထားလမ်းအရှည် ၃၂၂ ဒသမ ၅ မိုင်ရှည်လျားပြီး ယင်းစီမံကိန်းကို ကြံခင်း-သရက်လမ်းပိုင်း၊ သရက်-ပွင့်ဖြူလမ်းပိုင်း၊ ပွင့်ဖြူ-ပခုက္ကူ လမ်းပိုင်းဟူ၍ အပိုင်း (၃) ပိုင်းခွဲကာ ဖောက်လုပ်ဆောင်ရွက်လျက်ရှိသည်။

ဤရထားလမ်းသည် ဧရာဝတီမြစ် အနောက်ဘက်ကမ်း တစ်လျှောက်ရှိ ကျေးရွာများအနီးမှ ဖြတ်သန်းမည်ဖြစ်ပြီး အဓိကမြို့များဖြစ်သော ဥသျှစ်ပင်၊ ကံမ၊ သရက်၊ မင်းလှ၊ မင်းဘူး၊ စကု၊ ပွင့်ဖြူ၊ စလင်း၊ ဆိပ်ဖြူ၊ မြစ်ခြေမြို့များကို ဖြတ်သန်းဖောက်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အဖွဲ့သည် ဇူလိုင် ၂၃ ရက်တွင် ပုဂံဘူတာမှ RBE အထူးရထားဖြင့် ထွက်ခွာ၍ ပုဂံ-မြင်းခြံ-မိတ္ထီလာ-သာစည် ရထားလမ်းတစ်လျှောက် လမ်းကြံ့ခိုင်ရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ညောင်ဦးမြို့နယ် မာလာကျေးရွာနှင့် ကျောဖြူကျေးရွာအကြား၌ ရထားလမ်း ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ရေလွှဲပြုလုပ်မည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဆက်လက်ထွက်ခွာရာ ရထားနှင့်ကား ဖြတ်သန်းအသုံးပြုနိုင်သည့် ဆင်တဲဝ တံတားသို့ရောက်ရှိပြီး တံတားကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရထားနှင့်ကားများဖြတ်သန်းမောင်းနှင်ခြင်းကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ဝန်ကြီးနှင့်အဖွဲ့သည် ခရီးစဉ်တွင် ဇူလိုင် ၂၂ ရက်၌ မကွေးတိုင်း ချောက်မြို့သို့ ရောက်ရှိပြီး ကြီးနီ-ချောက် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ချောက်ဘူတာရုံနှင့်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် ဘူတာယာဉ်ဒ်ဝင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ စီမံကိန်းအင်ဂျင်နီယာ ဦးစိန်လှမြင့်က ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

မကြာမီဖွင့်လှစ်မည်

အဆိုပါ ကြီးနီ-ချောက် ရထားလမ်း ဖွင့်လှစ်ပြီးစီးပါက ကျောက်ပန်းတောင်းမြို့မှ ချောက်မြို့သို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်မည်ဖြစ်ပြီး ခရီးမိုင်အရှည်မှာ ၂၉ မိုင် ရှိမည်ဖြစ်သည်။ နေပြည်တော်မှ ရထားဖြင့်ထွက်ခွာပါက နေပြည်တော်-တောင်တွင်းကြီး-ကျောက်ပန်းတောင်း - ချောက်မြို့သို့ တစ်ဆက်တည်း သွားလာနိုင်တော့မည်ဖြစ်ပြီး ချောက်မြို့မှ မော်တော်ယာဉ်ဖြင့်ဧရာဝတီမြစ်ကို အနော်ရထာ တံတားမှ ဖြတ်ကျော်ပြီး ဆိပ်ဖြူ-ဆောမြို့များမှတစ်ဆင့် ချင်းပြည်နယ်အတွင်းရှိ မင်းတပ်၊ မတူပီ၊ ဟားခါးမြို့များသို့ ခရီးသည်နှင့်ကုန်သည်များ လွယ်ကူချောမောစွာ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။ အဆိုပါ ကြီးနီ-ချောက်ရထားလမ်းပိုင်းကို မကြာမီတွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေမင်းဝံရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၂၅

ရွှေမင်းဝံသာသနာ့ရိပ်သာ အမှတ် (၇၀) သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်တွင် (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို (၁၃၆၉ ခု ဒုတိယဝါဆို လပြည့်ကျော် ၁၄ ရက်) ဩဂုတ် ၁၂ရက် (တနင်္ဂနွေ)နေ့ နံနက် ၈ နာရီတွင် ရိပ်သာဓမ္မဗိမာန်တော် အပေါ်ထပ်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

အသေးစိတ်သိလိုပါက ရိပ်သာ ဖုန်း-၅၄၂၈၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၇၀ တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန် ပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်လျက်ရှိသော ပင်မသုံးထပ်ကျောင်းဆောင်ကြီးအတွက် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ် နတ်မောက်ရိပ်သာလမ်းသွယ်နေ ဦးသန်းချောင်း-ဒေါ်ညို သား၊ သမီး တစ်စုတို့က ငွေကျပ် သုံးသိန်းကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး သန်းလှ (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကွယ်လွန်သူ ဦးကျော်အား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် သီဟသူ ၁ လမ်းနေ ဒေါ်ယဉ်ကျေးနှင့် သား၊ သမီး မြေးများက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ခိုင်သဇင်လမ်း ဒဂုံမြို့သစ်မြောက်ပိုင်းနေ ဒုတိယ ဗိုလ်မှူးကြီး ထွန်းလှအောင်(ငြိမ်း) ဇနီးဒေါ်နုမေမိသားစုက အလှူငွေကျပ် တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာအရှင် နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အထက်အကြီးအကဲများ၏ ညွှန်ကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဇူလိုင် ၂၁ ရက်တွင် မြဝတီခရိုင် ရဲတပ်ဖွဲ့၌ ကျင်းပရာ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နေပြည်တော်ပျဉ်းမနားအစေ့ထုတ်ပြောင်း ဧက(၁၀၀) စံပြစိုက်ကွက် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဇူလိုင် ၂၅

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင် ၂၃ရက် ညနေ ၃နာရီတွင် နေပြည်တော်ပျဉ်းမနား ညောင်ပင်သာကျေးရွာရှိ အစေ့ထုတ်ပြောင်း ဧက(၁၀၀)စံပြစိုက်ကွက်သို့သွားရောက်ပြီး ညောင်ပင်သာကျေးရွာ ကွင်းအမှတ် ၁၆၉၃ ရှိ တောင်သူဦးမျိုးလွင်၊ ဦးဘိုသွယ်၊ ဦးကျော်သောင်းနှင့် ဒေါ်ရင်သွယ်တို့၏စပ်မျိုး(၃)ပြောင်း စံပြစိုက်ကွက် ဧက၁၀၀နှင့် စိုက်ခင်းပတ်လည် ခြံစည်းရိုးတစ်လျှောက်၌ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ခြံစည်းရိုးကြက်ဆူပင်များကိုကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးမှတ်ကြီးက စိုက်ပျိုးထားရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ တိုင်းမှူးက လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ယာယီရှင်းလင်းဆောင်၌ ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကြပြီး တိုင်းမှူးက စိုက်ပျိုးသီးနှံအလိုက် စံပြအထွက်နှုန်းပြည့်မီကျော်လွန်ထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ မိမိနယ်မြေအတွင်း စားသုံးဆီဖူလုံရေးအတွက် နှမ်း၊ မြေပဲနှင့်နေကြာတို့ကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးသွားကြရန်နှင့် စက်သုံးဆီရရှိရေးအတွက် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေးကိုလည်း ဒေသခံ တောင်သူလယ်သမားများအနေဖြင့် အင်တိုက်အားတိုက်ပါဝင်တိုးချဲ့စိုက်ပျိုးသွားကြရန်မှာကြားပြီး ဒေသအတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ရာသီပေါ်သီးနှံများပြသထားရှိမှုကိုကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးကြောင်းသတင်းရရှိသည်။(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော်ပျဉ်းမနား ညောင်ပင်သာကျေးရွာရှိ အစေ့ထုတ်ပြောင်း ဧက (၁၀၀) စံပြစိုက်ကွက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်မြို့နယ် အမှတ်(၁) စက်မှုရပ်ကွက် ရှင်းလင်းဆောင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ကယားပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင် လိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ကယန်းသာယာ(မြောက်) အခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်လှစ်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့နယ် နွားလဝိုးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံ ဖွင့်လှစ်ပွဲအခမ်းအနားကို တက်ရောက်အားပေးကြသည်။

မွန်းလွဲပိုင်းတွင် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်ဥက္ကဋ္ဌတို့သည် လွိုင်ကော်မြို့နယ် ပြည်နယ်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကယားပြည်နယ် ကျန်းမာရေးဦးစီးဌာနရှိတိုက်နယ်နှင့် ကျေးလက်ကျန်းမာရေးဌာနများသို့ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများ ရန်ပုံငွေ အဖွဲ့ UNICEF မှ ထော်လာဂျီများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို တက်ရောက်အားပေးကြပြီးဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လှူဒါန်းသော ထော်လာဂျီခုနစ်စီးကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့တော်ခန်းမ၌ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက် အားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၂၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ပျဉ်းမနား ပေါင်းလောင်းအားကစားကွင်း၌ ဆက်လက်ကျင်းပရာ (ဃဃ) အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အလုပ်သမားဝန်ကြီးဌာန သုံးဂိုး

(ဖြိုးမောင်မောင်ဦး–နှစ်ဂိုး၊ စိုးနိုင်ဝင်း–တစ်ဂိုး)

ကာကွယ်ရေးဝန်ကြီးဌာန နှစ်ဂိုး

(ဇော်ဝင်းလှိုင်–နှစ်ဂိုး)

ဒိုင်လူကြီး ဦးထွန်းထွန်း (အပြည်ပြည်ဆိုင်ရာဒိုင်လူကြီး)

ယင်းပြိုင်ပွဲသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်မိသားစုများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဇူလိုင် ၂၆ ရက် ညနေ ၄ နာရီတွင် ပေါင်းလောင်း အားကစားကွင်း၌ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် (ကက)အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့်ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၀၇)

NLD ပါတီကို ယုံကြည်မှုမရှိ၊ ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိ စစ်ကိုင်းတိုင်း အရာတော်မြို့နယ်မှ ပါတီဝင် ၈၃ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၂၅

စစ်ကိုင်းတိုင်း အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဇော်နိုင်ဝင်း၊ ဦးချစ်သန်း၊ ဦးကြီးညို၊ ဦးဇော်မြင့်နိုင်နှင့် ဒေါ်ခင်သန်းတို့ အပါအဝင် ပါတီဝင် ၈၃ ဦးတို့သည် ဇူလိုင် ၁၅ ရက်တွင် ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့ အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLD ပါတီကို ယုံကြည်မှုမရှိတော့ကြောင်း၊ ပါတီ၏လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း ဘတ်စကက်ဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၇ခုနှစ် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ ကို ယမန်နေ့နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ယမန်နေ့က ကျင်းပသည့် ပွဲစဉ်များအနက် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းက ဧရာဝတီတိုင်းကို (၈၈–၅၄)မှတ်၊ ရန်ကုန်တိုင်းက ကယားပြည်နယ်ကို(၉၉–၄၄)မှတ်၊ စစ်ကိုင်းတိုင်းက ကရင်ပြည်နယ်ကို (၆၀–၃၈)မှတ်၊ အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းက မန္တလေးတိုင်းကို(၁၁၆–၃၉)မှတ်၊ ရန်ကုန်တိုင်းက မကွေးတိုင်းကို(၆၈–၃၄)မှတ်၊ ပဲခူးတိုင်းက ဧရာဝတီတိုင်းကို (၄၈–၄၂)မှတ်တို့ဖြင့် အနိုင်ရရှိကြသည်။

အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စု၌ မန္တလေးတိုင်းက ပထမ၊ ဧရာဝတီတိုင်းက ဒုတိယ၊ (ခ)အုပ်စု၌ ရန်ကုန်တိုင်းက ပထမ၊ ကယားပြည်နယ်က ဒုတိယ၊ (ဂ)အုပ်စု၌ ရှမ်းပြည်နယ် (တောင်ပိုင်း)က ပထမ၊ စစ်ကိုင်းတိုင်းက ဒုတိယ၊ (ဃ)အုပ်စု၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)က ပထမ၊ ပဲခူးတိုင်းက ဒုတိယရရှိကာ ကွာတားဖိုင်နယ်သို့တက်ရောက်သွားကြသည်။

ဇူလိုင် ၂၆ရက်(ယနေ့)နံနက် ၉ နာရီတွင် ကွာတားဖိုင်နယ်ပွဲများ ကျင်းပမည်ဖြစ်သည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆–၇–၂၀၀၇ (ကြာသပတေးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အာဇာနည်ရဟန်းကျော်တို့၏ ဂုဏ်ရည်တော်(၄)ရပ် ဘဒ္ဒန္တ ဂန္ဓမာလာလင်္ကာရ (မြင်းခြံဆရာတော်)
၈:၀၀	အရဏ်ဦးမှာ ကြည်နူးဖွယ်ရာ
၈:၁၅	တေးဂီတအစီအစဉ်
၈:၂၀	ပြည်တွင်းအနုပညာရေးရာ
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	ရေပျော်ငှက်တို့နားခိုရာ
၉:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅	ဂမုန်းရေလှောင်တမံ
၉:၂၅	တေးဂီတအစီအစဉ်
၉:၃၀	Yangon Panorama မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ပဒေသာကပွဲ
၁၀:၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	ငှက်ဖျားတိုက်ဖျက်ရေး အကြောင်း သိကောင်းစရာ (ပါမောက္ခဒေါက်တာချစ်စိုး၊ ဒေါက်တာခိုင်ခိုင်အေး)
၁၀:၅၀	မိုးလေဝသခန့်မှန်းချက်
၁၀:၅၅	မင်းမသိသေးပါဘူးကွာ (ဇေရာ၊ ငှက်ပျောကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်)
၁၁:၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၁၅	ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ မြန်မာ့အက
၁၁:၂၅	တေးဂီတအစီအစဉ်
၁၁:၃၀	ဘိန္နကရာဇ်နွယ်ဖွားတို့၏ ကြွင်းကျန်ရစ်သော
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၅	Music Talk (တေးသံရှင် လှမြင့်ဝင်းနှင့် တွေ့ဆုံခြင်း)
၁၂:၄၀	ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း
၁၂:၅၅	တေးဂီတအစီအစဉ်
၁:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဝန်ကြီး ဗိုလ်ချုပ်ငွေးဦး ရှမ်းပြည်နယ်(တောင်ပိုင်း) ရှားငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးတို့ ရှမ်းပြည်နယ် (တောင်ပိုင်း) ရှားငံမြို့နယ်ရှိ မြို့ကြီး ရေလှောင်တမံ ဘက်စုံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးစဉ်။ (လယ်/ဆည်)

နေပြည်တော် ဇူလိုင် ၂၅

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် နှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၂ရက် မွန်းလွဲ ၂နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှားငံမြို့နယ်ရှိ မြို့ကြီးကျေးရွာအနီးတွင် ဆည်မြောင်းဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်း ဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက စီမံကိန်းတွင် အဓိကဆောင်ရွက်လျက်ရှိသော ပင်မတမံတည်ဆောက်မှု၊ ရေလွှဲဥမင်လိုဏ်နှင့် ရေအားလျှပ်စစ် ၁၅ မဂ္ဂါဝပ် x၂လုံး ထုတ်လုပ်ပေးနိုင်ရန် ရေအားလျှပ်စစ်ဥမင်လိုဏ် တည်ဆောက်နေမှုလုပ်ငန်းများကို မှတ်တမ်းတင်ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က လုပ်ငန်းများ သတ်မှတ်ချိန် ပြီးစီးရေး၊ လေလွင့်ဆုံးရှုံးမှုများ မရှိရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။ ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ရှုရပ်မှ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ပင်မတမံမြေဖို့နေမှု၊ တမံအမြင့် ၂၄ပေ ပြီးစီးမှုအပိုင်းတွင် တမံဆင်ခြေလျှော ကျောက်စီမှုတို့ကိုကြည့်ရှု စစ်ဆေးပြီး ဘေးနံရံ ကွန်ကရစ်လောင်းမှု၊ စက်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကိုကြည့်ရှုကြကာ ရေလွှဲဥမင်၌ အတွင်းပိုင်း ကွန်ကရစ်လိုင်နင် ပေ ၅၁၀ အချောသပ်ပြီးစီးမှု၊ ကျန်ရှိသည့်အပိုင်း၌ ဘေးနံရံ ကွန်ကရစ်လောင်းထားမှုနှင့် ရေလွှဲဥမင်အထွက်ပိုင်းတို့ကို စစ်ဆေးကြသည်။

ယင်းနောက် ရေအားလျှပ်စစ်ဥမင် တူးဖော်မှုတွင် အထွက်ပိုင်း၌ ၅၃၅ပေ တူးဖော်ပြီးစီးမှုနှင့် အဝင်ပိုင်း၌ ၁၇၄ပေ တူးဖော်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ရေအားလျှပ်စစ် ဥမင်လိုဏ်သည် အရှည် ၁၆၉၈ပေရှိပြီး ရေလွှဲဥမင်သည် အရှည် ၁၅၇၅ပေ ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော် သီလပေးတရားပွဲနှင့် ဓမ္မစကြာပူဇော်ပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မဟာဓမ္မရံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ကကြီးမှူး၍ ပရိဝုဏ်အတွင်း ရတနာ့ဗိမာန် တော်ကြီး၌ ဝါတွင်းသုံးလ ဥပုသ်နေ့တိုင်း နံနက် ၉နာရီခွဲ တွင် သီလပေးတရား ဟောကြားပြီး ည ၇နာရီတွင် ဝတ်အဖွဲ့များက ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ရာ အာဟာရဒါန လှူဒါန်းလိုသူများသည် ဂေါပကရုံး ဖုန်း-၃၈၃၇၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းတို့ ပူးပေါင်း၍ နယ်လှည့် စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် စာဖတ်ဝိုင်း ကို ဇူလိုင် ၂၀ရက် ညနေ ၄နာရီတွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး(ယာယီ) ဦးစိုး မင်းသန်းက အဖွင့်အမှာစကား ပြော ကြားပြီး **(အောက်ပုံ)** မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးက စာကြည့်တိုက် ရှင်သန် ဖွံ့ဖြိုးရေးနှင့် နယ်လှည့်စာကြည့်တိုက်၊ စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ (၃-၄) ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း စည်းရုံးရေးမှူး ဦးကျော်ထွန်း အောင်က "ပြည်ထောင်စုနှင့် စိတ်ဓာတ်" ခေါင်းစဉ်ကို လည်းကောင်း၊ (၈)ရပ်ကွက် စည်းရုံးရေးမှူး ဒေါ်ဦးဦး မေသွင်က မောင်ခြိမ့်(သာဂရ)ရေးသား သော ဒီမိုကရေစီပန်းတိုင်၊ ဒီမိုကရေစီ ခရီး ကျွန်တော့အမြင် စာအုပ်မှ နိဂုံးပိုင်း ကိုလည်းကောင်း၊ (၆)ရပ်ကွက် အမှု ဆောင် ဒေါ်ခင်စန္ဒာဝင်းက "သွေးလွန် တုပ်ကွေး" စာစောင်မှ "သွေးလွန် တုပ်ကွေးကာကွယ်ရေး၊ ခြင်လောက် လမ်း နှိမ်နင်းပေး" ခေါင်းစဉ်ကို လည်းကောင်း၊ (၇)ရပ်ကွက် စည်းရုံး ရေးမှူး ဒေါ်သီသီမာအောင်က ဇူလိုင် ၆ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ စိမ်းမြရည်၏ "မြန်မာအမျိုးသမီးတို့၏ ဂုဏ်ရည်" ဆောင်းပါးကိုလည်းကောင်း ဖတ်ကြားကြသည်။ (၁)ရပ်ကွက်နှင့် (၂)ရပ်ကွက် စည်းရုံးရေးမှူးများဖြစ်ကြ သော ဦးတင်လှိုင်နှင့် ဦးစိန်မြင့် တို့က ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်မြင့် အေးက ပြန်လည်သုံးသပ်ဆွေးနွေးကာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးရာတာဝန်ခံ ဦးကျော်ကျော်မိုးက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယခုသောကြာပတ်ဇာတ်ကားသစ်မဝင် ပြသဆဲဇာတ်ကားများ ဆက်လက်ပြသ

ရန်ကုန် ဇူလိုင် ၂၅

ယခုသောကြာပတ် ဇူလိုင် ၂၇ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင် ဇာတ်ကားသစ် ရုံတင်နိုင်ခြင်းမရှိဘဲ ပြသဆဲ မြန်မာဟာသ ဇာတ်ကားဖြစ်သည့် **ဒီကောင်ဘယ်သူတုန်း** မြန်မာဇာတ်ကားတစ်ကားတည်းသာ သမ္မတနှင့် သွင်ရုံများတွင် ဆက်လက်ပြသသွားမည် ဖြစ်သည်။

ကမ်းထရီးစတားရုပ်ရှင် ထုတ်လုပ်ရေးမှ ညီညီထွန်းလွင်၏ ဝတ္ထုကို ညီညီထွန်းလွင်ကပင်ဒါရိုက်တာအဖြစ်တာဝန်ယူရိုက်ကူးခဲ့သည့် **ဒီကောင် ဘယ်သူတုန်း** ဇာတ်ကားမှာ ဘဝသရုပ်ဖော် ပညာပေး ဟာသဇာတ်ကားတစ်ကား ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် စွန့်စားခန်းနှင့်လျှို့ဝှက်သည်းဖိုဇာတ်လမ်း နှစ်သက်သူများအတွက် ပင့်ကူဇာတ်လမ်းတွဲထဲမှ Spider Man-3 ဇာတ်ကား၊ နေပြည်တော်ရုံတွင် ပင်လယ်ဓားပြ ဇာတ်လမ်းတခုဖြစ်သည့် Pirates of the Caribbean-3 At World's End ဇာတ်ကားနှင့် ရွှေဆောင်ရုံတွင် ဒါရိုက်တာ Martin Scorsese ရိုက်ကူးသည့် သူလျှိုဇာတ်လမ်း The Departed ဇာတ်ကားများ ပြသမည်ဖြစ်သည်။

(ကြေးမုံ)

ဆီးရီးယားမြောက်ပိုင်း၌ ဘတ်စ်ကားနှစ်စီး တိုက်မိ

ဒမတ်စကတ် ဇူလိုင် ၂၄

ဆီးရီးယားနိုင်ငံမြောက်ပိုင်း၌ စနေနေ့က ဘတ်စ်ကားနှစ်စီးတိုက်မိသဖြင့် ခရီးသည် ၂၀သေဆုံးခဲ့ပြီး ၅၀နီးပါး ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင် အက်စ်အေအင်အေသတင်းဌာနက ဖော်ပြသည်။

ကားတိုက်မှုဖြစ်ပွားသည့်နေရာမှာ ဒမတ်စကတ်မြို့၏ မြောက်ဘက်မိုင်၁၀၀အကွာရှိ အဝေးပြေးလမ်းမကြီးတစ်လမ်းပေါ်တွင် ဖြစ်သည်။ ဘတ်စ်ကားတစ်စီး ဘီးပေါက်ကွဲပြီး မျက်နှာချင်းဆိုင်မှ လာနေသည့် အခြားဘတ်စ်ကားတစ်စီးနှင့် ခေါင်းချင်းဆိုင်တိုက်မိသဖြင့် ခရီးသည် ၁၅ဦး ပွဲချင်းပြီး သေဆုံးခဲ့ပြီး ၅၀နီးပါး ဒဏ်ရာရရှိခဲ့သည်။ ခရီးသည် ငါးဦးမှာ ဆေးရုံတွင် သေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိ သူများအနက် အချို့မှာ စိုးရိမ်ရသည့် အခြေအနေတွင်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကိုရီးယားဓားစာခံများကိုသတ်ဖြတ်မည်ဟု တာလီဘန်ပြောက်ကျားများခြိမ်းခြောက်

ကဘူး ဇူလိုင် ၂၄

အာဖဂန်အာဏာပိုင်များက အဖမ်းခံထားရသည့် တာလီဘန်ပြောက်ကျား အကျဉ်းသား ၂၃ဦးကို တနင်္လာနေ့ ည ၇နာရီမတိုင်မီ လွှတ်ပေးခြင်း မရှိပါက တာလီဘန်ပြောက်ကျားများက တောင်ကိုရီးယား ဓားစာခံ ၂၃ဦးကို သတ်ဖြတ်မည်ဖြစ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူ အာမာဒီက စနေနေ့တွင် ပြောကြားသည်။

မိမိတို့ပေးထားသည့် သတ်မှတ်ချက်ကာလ ကျော်လွန်သွားပါက အဆိုပါ ဓားစာခံများကို သတ်ဖြတ်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသား ၁၈ဦးပြန်ပေးဆွဲခံရကြောင်း၊ အချို့သောဓားစာခံများက အာဖဂန်စကားရေလည်စွာ ပြောတတ်သဖြင့် တာလီဘန်ပြောက်ကျားများက ၎င်းတို့အား အာဖဂန်နိုင်ငံသားများကဲ့သို့ ဆက်ဆံကြကြောင်း အမာဒီက ပြောကြားသည်။

အဆိုပါ ပြောက်ကျားများက တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၂၀၀အာဖဂန်နစ္စတန်မှ ရုပ်သိမ်းပေးရန်ကိုလည်း တောင်းဆိုထားသည်။ တောင်ကိုရီးယား အစိုးရက ၎င်း၏တပ်ဖွဲ့ဝင်များကို ၂၀၀၇ခုနှစ်ကုန်တွင် ရုပ်သိမ်းမည်ဟုပြောကြားခဲ့သည်။ တာလီဘန်ပြောက်ကျားများက ဓားစာခံများအတွက် သတ်မှတ်ချက်ကာလကို အင်္ဂါနေ့အထိ ရက်တိုးပေးထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့ တိရစ္ဆာန်ဥယျာဉ်ရှိ ရေကန်အတွင်း ဝင်ရိုးစွန်း ဝက်ဝံတစ်ကောင်ကို ဇူလိုင် ၂၃ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဖိလစ်ပိုင်တောင်ပိုင်းတွင် ပေါက်ကွဲမှုဖြစ်ပွား

မနီလာ ဇူလိုင် ၂၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းရှိဈေးတွင် စနေနေ့ မွန်းလွဲပိုင်းက ပေါက်ကွဲမှု ဖြစ်ပွားသဖြင့် လေးဦးသေဆုံးပြီး လူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်ရေဒီယိုက သတင်းထုတ်ပြန်သည်။

ဆူလူပြည်နယ်၊ ဂျိုလိုဒေသရှိ ဆန်ရန်တီးဈေးတွင် မွန်းလွဲ၃နာရီက ပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ အဆိုပါဈေးမှ ဆိုင်တစ်ဆိုင်တွင် ဒိုင်းနမိုက်နှင့် အမိုနီယမ်နိုက်ထရိတ် ဓာတုဗေဒပစ္စည်းများ သိုလှောင်ထားကြောင်း ရေဒီယိုက ဖော်ပြသည်။

ယင်းဆိုင်မှာ စားသုံးဆီရောင်းသော်လည်း အမိုနီယမ်နိုက်ထရိတ်နှင့် ဒိုင်နမိုက်လုပ်ရာတွင် အသုံးပြုသည့် ဓာတုဗေဒပစ္စည်းများ သိုလှောင်ထားသည်ဟု သတင်းထုတ်ပြန်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ The Mirror
နိုင်ငံတကာသတင်းများ

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ တက်ရောက်

ရန်ကုန်　ဇူလိုင်　၂၅

အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီရုံး ဧည့်ခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ အလှူငွေများကို လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော တရားသူကြီးချုပ် ဦးအောင်တိုးနှင့် သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❐

အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲတွင် အလှူငွေများကို လက်ခံစဉ်။ (သတင်းစဉ်)

ကောက်နုတ်စုစည်းချက်များ ဖော်ပြထား

အမျိုးသားညီလာခံ အလုပ်ညှိကျ သဘာပတိအဖွဲ့ဝင်များ ဖတ်ကြားတင်ပြသော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် "အထွေထွေ ပြဋ္ဌာန်းချက်များအခန်း"နှင့်စပ်လျဉ်းသည့် ကောက်နုတ်စုစည်းချက်များကို စာမျက်နှာ ၃၊ ၄၊ ၅ နှင့် ၆ တို့တွင် ဖော်ပြထားပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြစ်ထွက်ပေါက်ရေနုတ်မြောင်းများ တူးဖော်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေး

ရန်ကုန်　ဇူလိုင်　၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြစ်ထွက်ပေါက်ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်ရေးအတွက် အမှိုက်သရိုက်နှင့်နုန်းများ တူးဖော်ဆယ်ယူဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အလုံမြို့နယ် သီရိမင်္ဂလာဈေးအနီးရှိ ကွင်းကျောင်းချောင်း ရေနုတ်မြောင်းအတွင်း အမှိုက်သရိုက်နှင့်နုန်းများ တူးဖော်ဆယ်ယူနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် လမ်းမတော်မြို့နယ်နှင့် အလုံမြို့နယ်ကြား ကမ်းနားလမ်းရှိ ရွာသစ်ချောင်း ကျုံးကြီးရေနုတ်မြောင်းသို့ ရောက်ရှိရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ▲

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ချင်းတွင်းမြစ်ရေ ခန္တီးနှင့်မော်လိုက်တွင် စိုးရိမ်ရေမှတ်အထက်၌ ဆက်ရှိနိုင်

နေပြည်တော်　ဇူလိုင်　၂၅

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ခန္တီးမြို့တွင် ၁၅၁၄ စင်တီမီတာနှင့် မော်လိုက်မြို့တွင် စင်တီမီတာ ၁၂၄၀ သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ခန္တီးမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၃၆၀ အထက်တွင် လည်းကောင်း၊ မော်လိုက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၂၃၀ အထက်တွင်လည်းကောင်း ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)